http://www.thitsarparamisociety.com/


# ကွယ်လွန်သူ

ဖခင်ကြီး ဦးမောင်ကောက်နှင့် သားထွန်းထွန်းဦး
အား ရည်စူး၍ ဇနီး ဒေါ်လှမြင့်နှင့်
သားသမီးမြေး တစုကောင်းမှု

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၇၂

မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်။




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့တွင်ဟောကြားတော်မူသော တရားတော်

# ကျန်းမာတုန်း မြင်တဲ့ ဒုက္ခမှ
# နိဗ္ဗာန် ကျေးဇူး ပြုမယ်

၇၁

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့တွင်ဟောကြားတော်မူသောတရားတော်

# ကျန်းမာတုန်းမြင်တဲ့ဒုက္ခမှ နိဗ္ဗာန်ကျေးဇူးပြုမယ်

(၇-၁၂-၅၉)

http://www.thitsarparamisociety.com/

စာမူခွင့်ပြုချက် အမှတ် - ၇၀၁/၉၉ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၂၄ /၉၉ (၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀၀
ခုနှစ် - ၁၉၉၉ ခု၊ ဒီဇင်ဘာလ
တန်ဖိုး - (     )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၀)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့တွင်ဟောကြားတော်မူသောတရားတော်

# ကျွန်းမာတုန်းမြင်တဲ့ဒုက္ခမှ နိဗ္ဗာန်ကျေးဇူးပြုမယ်

(၇-၁၂-၅၉)

နိဗ္ဗေဓိကသုတ် မဆုံးသေးဘူးလို့ ဒကာ ဒကာမတွေက မှတ်ရမယ်နော်၊ နိဗ္ဗေဓိကဆိုတာ - ထိုးထွင်းပြီး သိတယ်၊ နိဗ္ဗေဓိက ပရိယာယတဲ့၊ ပရိယာယကအကြောင်း၊ နိဗ္ဗေဓိက-က ထိုးထွင်းပြီး သိတာ၊ ထိုးထွင်းသိရမည့် အကြောင်းကသာလျှင်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ကျေးဇူးပြုနိုင်မယ်၊ သာမညဖြင့် နိဗ္ဗာန်ကိုကျေးဇူးမပြုဘူးလို့ မှတ်ထားကြ။

ထိုးထွင်းပြီးသိသင့် သိထိုက်တဲ့အကြောင်းကို သိမှသာလျှင် ဒုက္ခခပ်သိမ်းအေးငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို ရောက်နိုင်တယ်ဆိုတာကို သိပါစေတော့လို့၊ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောပြီးသကာလ နိဗ္ဗေဓိက ပရိယာယသုတ်ဆိုပြီးတော့ဟောသည်။

http://www.thitsarparamisociety.com/



## ထိုးထွင်းသိအောင်လုပ်ပါ

ထိုးထွင်းပြီးသိရမည့်အကြောင်း မင်းတို့မှာရှိတယ်တဲ့၊ အဲဒီထိုးထွင်းပြီးသိရမည့်အကြောင်းကိုသိအောင်လုပ်ပါ၊ ဒါ သိရင် မင်းတို့မှာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းပြီး၊ တစ်ထောင့်ငါးရာ ကိလေသာချုပ်သိမ်းတဲ့ အဲဒီနိဗ္ဗာန်ကြီးကို ရောက်နိုင်တယ်ဆိုပြီးသကာလ ဒီသုတ်ကိုဟောသည်။

ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှတ်ထားရမယ်၊ မနေ့က ဒီဒုက္ခခြောက်ချက်ဟောလိုက်တယ်၊ တစ်နံပါတ်ဟာကွာတဲ့ ဒုက္ခသိမှု၊ အရေးကြီးပါတယ်။ ဒုက္ခသိမှုတစ်နံပါတ် အရေးကြီးပါတယ်။

## ဒုက္ခသည်ဘယ်သူတုံး

ဒုက္ခသည်ဘယ်သူပါလိမ့်မတုံးလို့ ဘုရားကဟောလိုက်တဲ့အခါကျတော့ ဇာတိပိဒုက္ခာလို့ဟောလိုက်တဲ့ အခါကျတော့ ဇာတိပိ-ပဋိသန္ဓေနေရမှုသည်၊ ဒုက္ခာ-ဆင်းရဲတဲ့ဒုက္ခပဲ၊ ဇာတိ ပဋိသန္ဓေနေတာ၊ ကိုယ်ဝမ်းခေါင်းထဲနေတဲ့ပုံစံဟန်ပန်ကို ကိုယ်ပြန်ကြည့်ရင်မြင်ရပါ့မလား - (မမြင်ရပါ)။

ဘယ်မြင်နိုင်ပါ့မတုံးတဲ့ ဒကာ ဒကာမတို့၊ အဝိဇ္ဇာက ဖုံးလွှမ်းပြီးသကာလနေတော့ မမြင်နိုင်ဘူး၊ နေခဲ့ပါသလား၊ မနေခဲ့ပါသလားမေးပြန်တော့ . . . (နေခဲ့ရပါတယ်ဘုရား)

နေခဲ့တော့ ဘယ့်နှယ်ကြောင့်မမြင်ပါလိမ့်မတုံးလို့မေးတဲ့အခါ ကျတော့ ဘယ့်နှယ်ဖြေမလဲ. . . (အဝိဇ္ဇာဖုံးလွှမ်းနေလို့ပါ)။

အဝိဇ္ဇာက ဖုံးလွှမ်းနေလို့ဆိုတော့၊ ဩော်. . . နေလဲ နေခဲ့သား ပြန်ကြည့်တော့လဲ မသိဘူး၊ တယ်လဲအဝိဇ္ဇာ ဒါဏ် ချက်ပြင်းပါကလား၊ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဇာတိပိဒုက္ခသစ္စာကွ. . . ဆိုတော့ ဒကာ ဒကာမတို့က ကိုယ့်ဇာတိ၊ ကိုယ့်ပဋိသန္ဓေနေခဲ့တာတွေ ပြန်ကြည့်လိုက်ပါ၊ ပြန်ကြည့်လိုက်တော့ မမြင်ပြန်ဘူး။

ဩော်. . . မမြင်တော့-ဘယ့်နှယ်ကြောင့် မမြင်ပါလိမ့် လို့ အကြောင်းလက်သည်ရှာပြန်တော့ ဘာတွေ့ကြသလဲ. . (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပဲတွေ့တယ်ဆိုတာ မောင်နိုင်တို့ ရှင်းပြီပေါ့ကွာ၊ နောက်က ဒကာ ဒကာမတွေ ဘာလက်သည် တွေ့ပါလိမ့်. . . (အဝိဇ္ဇာတွေ့ပါတယ်ဘုရား)။

ကိုင်း-ခင်ဗျားတို့ အဝိဇ္ဇာရှိမရှိ၊ အဲဒါသာအကဲခတ်ပါ (ရှိပါတယ်ဘုရား) ကိုယ်ကိုယ်တိုင်နေခဲ့တဲ့ဇာတိ၊ ကိုယ်ကိုယ် တိုင် ကြုံခဲ့တဲ့ဒုက္ခ၊ ဇာတိဒုက္ခ၊ ကိုယ်ကိုယ်တိုင် အခုပြန်ပြီး စဉ်းစားလိုက်တော့ ဘယ်သူမှမပေါ်လာဘူး။

http://www.thitsarparamisociety.com/



## ဘာပြုလို့ဒုက္ခရေးရေးမှမပေါ်လာသတုံး

ဘာပြုလို့ရေးရေးမှမပေါ်လာသတုံးလို့ ဒကာဒကာမတွေက မေးကြည့်တော့မှ ဖုံးဖိနေတဲ့တရားရှိလို့ပဲဆိုတာတော့ သိပြီ၊ မသိကြဘူးလား (သိပါပြီဘုရား) ဘယ်သူပါလိမ့်မလဲဆိုတာ . . . (အဝိဇ္ဇာပါဘုရား)။

ကိုင်း. . . ရှိပါစေတော့ . . . ရှိပါစေတော့ ဇာတိပိ ဒုက္ခာသစ္စာကို ဘုရားက ဟောငြားသော်လည်း ကျုပ်တို့က မသိဘူး၊ အင်း. . . ဒါကတော့ဖြင့် အခုမောင်နိုင် ငါးဆယ် လောက်ရှိပါပြီ၊ ငါးဆယ်ကျော်လောက်ရှိပါပြီ၊ ကိုမြင့်က ခြောက်ဆယ်ရှိကြပြီ၊ ဩော်. . . အိုပေါ့ဗျာ ဘယ်သိတော့ မလဲ ရှိပါစေတော့။

ဇရာပိဒုက္ခံပြန်ကြည့်ပြန်တော့လဲ အခုဇရာထဲရောက် နေရဲ့သားနဲ့ ကိုယ့်ဟာကိုယ် ပြန်ကြည့်တော့ တွေ့ပါရဲ့လား (မတွေ့ပါဘုရား)။

ဘယ့်နှယ်ကြောင့် မတွေ့ပါသလဲ. . . သွားရင်း လာရင်း နေရင်း ထိုင်ရင်း ပျော်ရွှင်နေပြီး၊ စားရင်း သောက် ရင်း နေကြတာပဲ၊ ဇရာကတော့ အမြဲရှိနေတာပဲ၊ ဇရာ တဇောမီးက လောင်နေတာပဲ၊ မြင်ကြသလားဆိုတော့ (မမြင်ပါဘုရား)။

ဒါ ဘယ့်နှယ်ကြောင့် မမြင်ပါသတုံးလို့ လက်သည်

ရှာတော့ (အဝိဇ္ဇာ) အဝိဇ္ဇာကြောင့်ပါပဲ၊ ဝေးတာလဲ မသိ၊ နီးတာလဲမသိ၊ ဘယ့်နှယ်တုံး ဒကာ ဒကာမတို့ ကျုပ်တို့ ဖြစ်နေတဲ့ဖြစ်ထွေကဖြင့် အတော်လေးဆိုးနေပါပေါ့လား ဆိုတဲ့ဥစ္စာဖြင့် စွဲချက်တင် ရတော့မှာပဲ. . . (မှန်ပါ့) မတင် ရပေဘူးလား (တင်ရမှာပါ ဘုရား)။

ဇာတိပိဒုက္ခံဆိုပြန်တော့လဲ အနာတွေပေါက်ပြီး တစ်ခါ တည်းခေါင်းကိုက်တယ် ရင်နာတယ် အဲဒါကြတော့လဲ တိရစ္ဆာန်သိတဲ့ ဒုက္ခဖြစ်လို့ မောင်နိုင်ရ ဒီလိုလဲ မဟုတ်ပြန် ဘူးနော်. (တင်ပါ့ဘုရား)။

## ဒုက္ခဘယ်လိုသိရမှာတုံး

ဘာသိရမှာတုံးလို့မေးတဲ့အခါကျတော့ သွားကျိုးတာ၊ ဆံဖြူတာ၊ ရင်နာတာပျောက်ပါရဲ့လား၊ ဒါတွေ အသာထား ပြီး ဗျာဓိက ခဏခဏကိုး၊ ကိုယ့်မှာ အနာရောက်ပြီးသကာလ နေတဲ့ဥစ္စာ မသိဘူး။

ကျန်းမာပါရဲ့လား မေးလိုက်ရင် ကျန်းမာပါတယ် ပြောတာပဲ၊ လူလာတဲ့အခါကျလို့ရှိရင် ခင်ဗျားတို့ ထိုင်ရာက နေပြီး ထပြောရတာပဲ အလေးပြုရတာပဲ၊ အလေးပြုရမဲ့လူ ကျတော့ နှုတ်မဆက်ရဘူးလား . . . (နှုတ်ဆက်ရပါတယ် ဘုရား)။

http://www.thitsarparamisociety.com/



နှုတ်ဆက်တဲ့အခါကျတော့ ဩော်. . မေးရင်း ပြုရင်း အကုန်လုံးမျက်နှာစုံညီကျတော့ ဧည့်သည်က ကိုယ်ကထ,ပြီး နှုတ်ဆက်တယ်၊ ပထမကျန်းမာပါရဲ့လားဆိုတော့ ကျန်းမာပါတယ်ပြောရတယ်၊ ကြည့်စမ်း ဒကာ ဒကာမတွေ ထ,တုန်းကတော့ ထိုင်တုန်းကနေခဲ့တဲ့ဒုက္ခဝေဒနာတွေ၊ ထတဲ့အခါတော့ သူမပါဘူးပေါ့ဗျာ၊ ထ,တဲ့ဒုက္ခနဲ့ ထ,ရရှာတယ်ဆိုရင်ကော လွဲသလား. . (မလွဲပါဘုရား)။

အဲဒီမှာ ဒုက္ခတွေမောင်နိုင် ဒါဖြင့် ဗျာဓိဆိုတဲ့ဒုက္ခဝေဒနာတွေအနည်းနည်းနှိပ်စက်ငြားသော်လည်း ကျန်းမာပါရဲ့ပြောပြီး နှုတ်ဆက်ခံတုန်းရှိသေးတယ်၊ ဘယ့်နှယ်တုံး ကျန်းမာပါတယ် ချမ်းသာပါတယ်။

အညွန့်တက်တာမို့ ကျန်းမာပါတယ်၊ မပြောကြဘူးလား . . . (ပြောကြပါတယ်) ပြောကြပါတယ်ဟေ့ဆိုတော့ သူ့ဗျာဓိပိဒုက္ခံဆိုတဲ့ သူ့မှာ အနာနှိပ်စက်နေတဲ့ဒုက္ခ မြင်သေးရဲ့လား. . (မမြင်ပါဘုရား) ကဲ ဝေးသလား နီးသလား မေးရင် (နီးပါတယ်ဘုရား)။

နီးပေမယ့် ဘာဖြစ်နေသလဲ (မမြင်ပါဘုရား) အမယ်လေး ဆိုးလှချည့်လား ဒကာ ဒကာမတို့ ဒုက္ခသစ္စာ ခက်တယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒုက္ခပိုင်းခြားနိုင်လို့ရှိရင် သမုဒယသေတယ်ဆိုတာ

http://www.thitsarparamisociety.com/



အခုတော့ ဒုက္ခပိုင်းခြားဖို့ မောင်နိုင် အသာထားစမ်းပါဦးကွ၊ ဒုက္ခဖြစ်နေတာကို မသိဘူး၊ ရှင်းကြပလား. . (ရှင်းပါပြီ ဘုရား) ဒုက္ခဖြစ်နေတာကို. . (မသိပါဘုရား)။

ကောင်းပြီ၊ ရှိပါစေတော့၊ မရဏာမွိဒုက္ခံ ဆိုတာ သူကြုံရ လိမ့်မယ်ဆိုတာကောသိရဲ့လား (မသိပါဘုရား) သေတဲ့အခါ စုတိစိတ်ကလေးတွေဖြစ်ချပ်ကို ဒီကနေပြီး ဉာဏ်ကနေ အာရုံပြုကြည့်၊ ရောဂါဝေဒနာခံစားနေရတာ ဒီကနေ ဉာဏ် နဲ့ အာရုံပြုကြည့်၊ ရှုကြည့် ဒါနည်းပါလိမ့်မယ်၊ ရှုကြည့်ကြရဲ့လား. . (မကြည့်ပါဘုရား)။

အင်း မရဏံပိဒုက္ခံ မလုပ်သေးဘူး၊ မသိသေးဘူးထား ပါဦး၊ အဲဒါဖြစ်ရမှာကတော့ဗျာ အဲဒါဘယ်သူက ဖုံးထားတာ မသိသေးဘူးဖြစ်ရပါလိမ့် (အဝိဇ္ဇာကပါဘုရား) ကဲ-ဒါဖြင့် နက်ဖြန်သေမှာ ယနေ့အပြုံးမပျက်တာဟာ မရဏံပိဒုက္ခ သစ္စာမသိလို့ နက်ဖြန်သေမဲ့လူတွေ မရှိကြဘူးလား. . (ရှိကြ ပါတယ်)။

ဒီနေ့အပြုံးမပျက်တာထောက်လို့ရှိရင်ဖြင့် ဘယ့်နှယ် ကြောင့် ပြုံးပါလိမ့်မတုံးဆိုတော့ မရဏံပိဒုက္ခသစ္စံ၊ ကျန်လာ မှာကို သူမသိလို့ပဲ (မှန်ပါ့) ဒါကြောင့် အပြုံးမပျက်တာပဲဆိုရင် ကော၊ အဝယ်မပျက်အရောင်းမပျက်နေတာပဲဆိုရင်ကော (မလွဲပါဘူး) သဘောပါပလား. . (ပါ-ပါတယ်) ဘယ့်နှယ်

. . .

http://www.thitsarparamisociety.com/



ကြောင့်ပါလိမ့်၊ ဘာဖုံးထားလို့ မမြင်ပါလိမ့်. . . (အဝိဇ္ဇာ ဖုံးထားလို့)။

ကိုင်း-ဒါဖြင့် ဒုက္ခသစ္စာတွေ အများကြီးနော်. . အဲဒီမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿပိဒုက္ခံ ဟုတ်လား၊ သောကပရိဒေဝ၊ သောကဆိုတာ စိုးရိမ်တာ၊ ပရိဒေဝဆိုတာ ငိုကြွေးတာ၊ ဒုက္ခဆိုတာ ကာယိကဒုက္ခ၊ အခုနထ,ပြီး နှုတ်ဆက်တဲ့ ကာယိကဒုက္ခ၊ စေတသိကဒုက္ခဆိုတာ အလိုမကျ သားပေါ် သမီးပေါ် မိမိ ခန္ဓာကိုယ်ပေါ်၌ ဥပါယာသဆိုတာ ပြင်းစွာ ပူပန်တာ အဲဒါတွေနဲ့ ခဏခဏတော့တွေ့ရမှာပဲ။

## သောကဖြစ်နေတာကိုပင် သဘောကျနေတယ်

တွေ့ပင်တွေ့ငြားသော်လည်း အဲဒါတွေ ဒုက္ခရယ်လို့ ယူမိပါရဲ့လား (မယူမိပါ) ဩော်. . . ကိုယ်က ကိုယ့်သောက ကလေးဖြစ်နေလို့ တော် - တော် သေးရဲ့ တောင် ထည့်လိုက်သေး တယ်၊ ကိုယ်စိုးရိမ်တယ်၊ ကိုယ်စိုးရိမ်လို့ ကိုယ်က ဒါလေး ဒီလိုလုပ်လိုက်ဆိုလို့ အထမြောက်သွားတာ တော်-တော်သေး ရဲ့ဆိုလို့ ကာယိကဒုက္ခ ဖုံးသွားတယ် (မှန်ပါ့)။

http://www.thitsarparamisociety.com/



ကာယိကဒုက္ခမြင်သေးရဲ့လား. . . (မမြင်ပါဘုရား) ကိုယ်ကစိုးရိမ်လို့ သွားပြောလို့ ချမ်းသာတာပေါ့၊ သောက လေးထည့်လိုက်တာ ချမ်းသာတာပေါ့တောင်ပါလိုက်သေး တယ်။

ဘယ့်နှယ်ဖြစ်နေတယ်မသိဘူး သောကဖြစ်နေတာ သောကကို ခင်ဗျားတို့က ဘယ့်နှယ်. . . (သဘောကျပါ တယ်) အင်း ဒီလိုမရဘူး၊ ဒီအဓိပ္ပါယ်မျိုးမရဘူး၊ ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့၊ ဥပမာ ဒီပစ္စည်းလေးတစ်ခုဟာ ဘယ် ထားမိမှန်းမသိဘူး၊ သွားရှာချေပါဦး၊ ကိုယ်ကသောက ဖြစ်နေလို့ ရှာချေပါဦး။

ရှာချေပါဦးဆိုလို့ရှာတဲ့ပုဂ္ဂိုလ်က တွေ့လာတယ်၊ တွေ့ လာတော့ ခုနက ပစ္စည်းရှင်က ဝမ်းသာမသွားဘူးလား (သာ ပါတယ်ဘုရား)။ အင်း. . . သောကလေးဖြစ်လို့ ချမ်းသာတာ၊ သောကမဖြစ်ခဲ့ရင် ဒီထက်ဆိုးတဲ့ ဒုက္ခရောက်မှာ၊ သောက လေးဖြစ်လို့ ချမ်းသာသွားတယ်တဲ့၊ သောကတောင် ဘာဖြစ်နေသလဲ (ချမ်းသာပါတယ်ဘုရား)။

သောကက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာကို ခင်ဗျားတို့က ဘာထင်လိုက်သလဲ. . . (ချမ်းသာပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



ဒုက္ခသစ္စာများ အသိခက်လိုက်တာ ဒကာ ဒကာမတို့ သဘောကျပလား (ကျပါပြီဘုရား) သောကဖြစ်ရတာကို ဘယ့်နှယ်လဲ. . . (ချမ်းသာပါတယ်ဘုရား) ချမ်းသာတယ် ကြည့်စမ်း၊ ငယ်ငယ်တုန်းက ဒုက္ခခံထားလို့ အေးအေးချမ်း ချမ်းနေရတာပေါ့၊ နို့မို့ဒီအရွယ်ကျမှရှာရမယ်ဆိုမခဲယဉ်းဘူး လားတဲ့ (ခဲယဉ်းပါတယ်ဘုရား)။

## ဒုက္ခသစ္စာသိဖို့မလွယ်ပါ

ငယ်ငယ်တုန်းက ဒုက္ခခံထားလို့ အခုချမ်းသာတာတဲ့၊ မောင်နိုင် မသုံးကြဘူးလား (သုံးပါတယ်ဘုရား) ငယ်ငယ် တုန်းက ပင်ပင်ပန်းပန်း ဒုက္ခတွေခံလိုက်တဲ့အတွက် အခုတော့ အသက်အရွယ်တွေကြီးပြီး မရှာနိုင်တဲ့အချိန်မှာ ခြေမွေး မီးမလောင်၊ လက်မွေးမီးမလောင်နဲ့ စားရ သောက်ရ၊ နေရ ထိုင်ရတာ တော်-တော်သေးရဲ့ဆိုတော့ ကိုယ်ကလဲ. . . ငယ်ငယ်တုန်းက ဒုက္ခကို သုခလို့ထင်ပြီး အမည်တပ်လိုက် တော့ ဒုက္ခသစ္စာလို့ဆုံးဖြတ်ချက်ချသေးရဲ့လား. . . (မချပါ ဘုရား)။

ဟိုဒုက္ခလေးခံလိုက်လို့တော်-တော်သေးရဲ့တဲ့၊ ဟိုဒုက္ခ လေးခံရတာသူက တော်-တော်သေးရဲ့ဆိုတော့ ဘယ့်နှယ် ဖြစ်နေကြတာလဲ ဒကာ ဒကာမတို့ စဉ်းစားပါဦး၊ ခင်ဗျားတို့ အတွေးနဲ့ ခင်ဗျားတို့ပဲ. . . ။

http://www.thitsarparamisociety.com/

ဒုက္ခကလေးခံရတာကို ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင် စားရတာကို တော်-တော်သေးရဲ့လို့မလာဘူးလား. . . (လာပါတယ်ဘုရား) လာရင် လာတုန်းကကို တကယ်သိရဲ့လားတဲ့ ဒကာ ဒကာမတွေ တော်သေးရဲ့တောင် သုံးနိုင်တယ်ဆိုတော့ ဒုက္ခအစစ်လို့ ယူသေးရဲ့လား (မယူပါဘုရား) ဒုက္ခသစ္စာလို့ သိသေးရဲ့ လား. . . (မသိပါဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ဒုက္ခသစ္စာသိဖို့ရာ မလွယ်ဘူးဆိုတာ ပေါ်လာပြီ၊ (ပေါ်ပါပြီဘုရား) ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက၊ သြော်. . . မင်းတို ဒီဒုက္ခတွေမသိရင်ဖြင့်ကွာတဲ့၊ ငါရှင်းရှင်း ပြောပါတော့မယ် ဆိုပြီး၊ ပဉ္စုပါဒါန က္ခန္ဓာပိဒုက္ခာလို့ နောက်ဆုံးပိတ် နိဂုံး ချုပ်လိုက်တယ်။

## ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာ

ခင်ဗျားတို့ ခန္ဓာငါးပါးဟာဘာတဲ့လဲ. . . (ဒုက္ခသစ္စာ ပါဘုရား) ခန္ဓာငါးပါးဟာ ခဏခဏဖြစ်ပျက်ပြီးနေတဲ့ဟာ ဝိပဿနာဉာဏ်မရှိတဲ့ပုဂ္ဂိုလ်၊ ဝိပဿနာဉာဏ်ခရီးမရောက် သေးတဲ့ပုဂ္ဂိုလ်၊ မြင်ကို မမြင်ပါဘူး (မမြင်ပါဘုရား)။

မရှိလို့မမြင်တာလား၊ ရှိရက်နဲ့ မမြင်တာလား. . . (ရှိ ရက်နဲ့ မမြင်တာပါဘုရား) ဒကာ ဒကာမတွေ ခန္ဓာကြီးက ဘယ်အချိန်မှာ ဖြစ်ပျက်ရပ်သတုံး၊ (မရပ်ပါဘုရား) မရပ်တာ

http://www.thitsarparamisociety.com/



ကို ဝိပဿနာ အားမထုတ်တဲ့ပုဂ္ဂိုလ်မှာ မြင်သေးသလား (မမြင်ပါဘုရား)မမြင်တော့ ဒုက္ခသစ္စာနဲ့အတူနေငြားသော်လဲ ကိုမြင့်တို့ မောင်နိုင်တို့ သိသေးရဲ့လား . . . (မသိပါဘူး)။

## သစ္စာထဲမှာဒုက္ခသစ္စာအခက်ဆုံး

ဒါဖြင့် ဒုက္ခသစ္စာဟာဒီပြင်သစ္စာထက် အသိခက်တယ် ဆိုတာကော ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ ဒုက္ခပိုင်းခြားမှ သမုဒယသေတယ်၊ နိဗ္ဗာန် မျက်မှောက်ပြုနိုင်တယ်ဆိုတော့ ဒုက္ခသစ္စာမူတည်တယ်ပြော တာ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် သစ္စာထဲမှာ ဒကာ ဒကာမတို့ ဘယ်သစ္စာ အခက်ဆုံးလဲ (ဒုက္ခသစ္စာပါဘုရား) ခင်ဗျားတို့ ဝိပဿနာအား ထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ ဒုက္ခသိအောင် လုပ်စမ်းပါ၊ ဒုက္ခပိုင် ပိုင်နိုင်နိုင် သိအောင်လုပ်စမ်းပါဆိုတာ ခင်ဗျားတို့ နိဗ္ဗာန်ရပါ စေတော့လို့ပြောတာ။

သူ့ပိုင်ပိုင်နိုင်နိုင်သိရင် နိဗ္ဗာန်ရတာပဲ၊ သူ့ပိုင်ပိုင်နိုင်နိုင် သိရင် ဒုက္ခချုပ်မသွားဘူးလား (ချုပ်သွားပါတယ်)၊ ချုပ်သွား ရင် နိရောဓမပေါ်ဘူးလား. . . (ပေါ်ပါတယ်) ကဲ-သဘော ပါရဲ့လား. . . (ပါ-ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


အဲ-ဒုက္ခကို ရှေးဦးစွာ သိဖို့ရာ အရေးကြီးတယ်လို့ တစ်နံပါတ် ဒုက္ခတွေပြောပြီးပြီနော်. . . (ပြောပြီးပါပြီဘုရား)။

ခန္ဓာငါးပါးတရားဟာ ဘာတရားပါလိမ့်. . . (ဒုက္ခတရားပါဘုရား) အဲဒုက္ခသိရင် တစ်နံပါတ် သဘောကျပလား (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဇာတိ ဇရာ မရဏ သောက၊ ပရိဒေဝ၊ ဒုက္ခဒေါမနဿ ဥပါယာသ ခန္ဓာ၊ ဒါဘာတရားတွေ လို့ဆိုကြမလဲ. . . (ဒုက္ခတရားတွေပါဘုရား)။ ဒုက္ခတရားတွေ လို့ မှတ်ထားလိုက်ကြပါ။

ကိုင်း-ဒါဖြင့် တစ်နံပါတ် ဒုက္ခတရားတွေကိုသိပါပြီ၊ ခန္ဓာငါးပါးအကျဉ်းချုပ်လိုက်တဲ့အခါကြတော့ ခန္ဓာငါးပါးဟာ ဒုက္ခတရားပဲဆိုတာ သေချာကြပလား (သေချာပါပြီဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ခန္ဓာငါးပါးဒုက္ခတရားလို့၊ စာဆိုလဲ ဟုတ်ပါရဲ့၊ အရှိလဲ ဟုတ်ပါရဲ့။

## ဒုက္ခမတွေ့တဲ့ပုဂ္ဂိုလ်ဒုက္ခပိုင်ပိုင်နိုင်နိုင်မသိနိုင်

သို့သော် မောင်နိုင်တို့ နောက်က ဒကာ ဒကာမတွေ အသိဟုတ်တယ်လို့ကြားဖူးကြရဲ့လား၊ အရှိဟုတ်တယ်နော်၊ အသိဟုတ်တယ်လို့ကကြားဖူးပါတယ်၊ ဒကာ ဒကာမတို့ အသိဟုတ်တယ်လို့ပြောလိုက်ရင် (ကြားပါတယ်)။

http://www.thitsarparamisociety.com/



ဒါဖြင့် ဒုက္ခရှာမတွေ့ဘူးပေါ့ဗျာ၊ ဒုက္ခမတွေ့တဲ့ပုဂ္ဂိုလ် ဒုက္ခပိုင်ပိုင်နိုင်နိုင်ဆိုတဲ့သဘော ရောက်ပါ့မလား (မရောက်ပါဘူးဘုရား)။

ဒုက္ခပိုင်ပိုင်နိုင်နိုင် မသိတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘုရားဘယ်တော့မှ မဟောဘူး. . . (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ဒုက္ခပိုင်ပိုင်နိုင်နိုင်မသိတဲ့ပုဂ္ဂိုလ် . . . (နိဗ္ဗာန်မရပါဘုရား)။

မင်းတို့ဟော့၊ မင်းတို့ဖြစ်ပျက်ကလေးဟာ၊ မင်းတို့ဟာလဲ မလုပ်နဲ့၊ ဩော်. . . ဒါဖြစ်ဒုက္ခ ပျက်ဒုက္ခပဲ၊ ဖြစ်ပျက်ဆိုတာ မင်းတို့ ဉာဏ်ထဲမှာ၊ မင်းတို့ဟာနဲ့ မင်းတို့ ဆုံးဖြတ်ချက် ချနိုင်ရင် ချစမ်းပါဆိုတာ မောင်နိုင်အရေးကြီးလို့ပြောတာ (မှန်ပါ့) ကိုမြင့်. . . (အရေးကြီးလို့ပြောတာပါဘုရား) နောက်က ဒကာ ဒကာမတွေ . . . (အရေးကြီးလို့ပြောတာပါဘုရား)။

ဖြစ်နေတာလဲ ဒုက္ခပဲ၊ ပျက်နေတာလဲ ဒုက္ခပဲ၊ ခန္ဓာငါးပါး ပျက်တာ၊ ဝေဒနာ ရှုတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာဖြစ်ပျက်၊ ရုပ်ကြည့်တဲ့ပုဂ္ဂိုလ်က ရုပ်ဖြစ်ပျက်၊ ဩော် ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခပဲလို့၊ ပိုင်ပိုင်နိုင်နိုင်သိလို့ရှိရင် အားလုံး ဒကာ ဒကာမတွေ နိဗ္ဗာန်ပေါ်လာမှာပဲ. . . (မှန်ပါ့ဘုရား) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား) ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်၊ ဒုက္ခတွေတော့ဖြင့်

ပိုင်ပိုင်နိုင်နိုင်သိဖို့ ဟာ ဒကာ ဒကာမတို့ ကိုယ့်အရေး၊ နိဗ္ဗာန်ရောက်တဲ့အရေးလို့ မှတ်လိုက်ကြပါ၊ သဘောပါကြရဲ့လား (ပါ-ပါတယ်)။ ဒါဖြင့် ဒီဒုက္ခတွေဟာ အခုတရားနာနေတဲ့ခန္ဓာငါးပါး၊ ခဏ ခဏ ဖေါက်ပြန်၊ ပျက်စီးပြီးသကာလ မနေလား. . . (နေပါတယ်ဘုရား) နေပင်နေငြားသော်လည်း ကျန်းမာလို့တရားနာနိုင်တယ် မပြောကြဘူးလား (ပြောပါတယ်ဘုရား)။

ခန္ဓာကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းကင်းလို့လို့ ဆိုရမှာပါပဲ (မှန်ပါ့) ဘယ်စိတ်ဖြင့် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းရှိရင် ဘယ်တရားလာနိုင်ပါ့မလဲလို့ မလျှောက်ကြပေဘူးလား. . . (လျှောက်ပါတယ်ဘုရား)။

## ဆင်းရဲအစစ်ကိုသူတို့မသိဘူး

အင်း-ဒါဖြင့် ဆင်းရဲအစစ် သူတို့မသိပါဘူး၊ တိရစ္ဆာန်သိဆင်းရဲကိုသာ သူတို့သိတာကိုး၊ ဆင်းရဲစစ်ကိုဘုရားက ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာဆိုတော့ ခန္ဓာငါးပါးရှိနေတဲ့ဥစ္စာ၊ ခဏ ခဏ ဖေါက်ပြန်ပြီးနေတဲ့ဒုက္ခတွေသိစေချင်တယ်ဆိုတာလဲ သေသေချာချာ မှတ်ပါ၊ သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်ဒုက္ခသိစေချင်ပါလိမ့်မလဲဆိုတော့ ခန္ဓာငါးပါး အစစ်ဒုက္ခကို သိစေချင်တယ်၊ ခုနက တိရစ္ဆာန်သိ ဒုက္ခတွေ

http://www.thitsarparamisociety.com/



တော့ လူတိုင်းသိပါတယ် (မှန်ပါ့) ခုနက သူများပြောလို့ မခံချင်တဲ့ဒုက္ခ၊ ဒေါမနဿတွေတော့ လူတိုင်းသိပါတယ်။

စင်စစ်တော့ ကျန်းမာပြီးသကာလနေတဲ့အထဲက ခဏ ခဏဖြစ်ပျက်ဖေါက်ပြန်နေတဲ့ဒုက္ခကြီးကို သိစေချင်တယ်၊ အဲဒီဒုက္ခသိမှ ဒကာ ဒကာမတို့ နိဗ္ဗာန်ရမှာ သဘောကျပလား (ကျပါပြီဘုရား)။

ကျန်းမာတယ်ဆိုတဲ့ခန္ဓာကိုယ်ကြီးထဲမှာ ဘာတွေ့ရသလဲ (ဖြစ်ပျက်ဒုက္ခတွေ့ရပါတယ်) . . . ဖြစ်ပျက်ဒုက္ခ တွေ့ရတယ်တဲ့၊ အဲဒီဒုက္ခတွေ့မှခင်ဗျားတို့ ဖြစ်ပျက် ပိုင်ပိုင်နိုင်နိုင်သိတာ၊ ကျန်တဲ့ခွေးသိ ဝက်သိဆိုတဲ့၊ ခွေးတွေရိုက်လို့အော်တာမျိုးဒုက္ခ၊ ဝက်တွေလှံနဲ့ထိုးလို့အော်တာမျိုးဒုက္ခ၊ ဒါတွေကို ဒုက္ခမဆိုပါနဲ့တဲ့ အဲဒါတွေ ဒေါမနဿတွေပါ၊ ဒါတွေဟာ လူတိုင်းသိတဲ့ ကာယိက ဒုက္ခတွေပါနော်. . .

## ကျန်းမာတဲ့ရုပ်နာမ်တို့၏ဒုက္ခသိမှဒုက္ခသစ္စာ

အခု ဒကာ ဒကာမတို့ သိစေချင်တဲ့ ဘုရားက သိစေချင်တာက ခင်ဗျားတို့ရဲ့စိတ်ထဲကတော့ ကျန်းမာတယ်၊ ခင်ဗျားတို့စိတ်ထဲက ဘယ်လိုထင်နေသလဲ (ကျန်းမာတယ်လို့ပါဘုရား) အဲဒီ ကျန်းမာတယ်လို့ ထင်နေတဲ့အထဲက ကျန်းမာတဲ့ရုပ်နာမ်တို့၏ ဒုက္ခ (မှန်ပါ့) ဒါသိမှ ဒုက္ခသစ္စာ၊ သဘောကျ

http://www.thitsarparamisociety.com/


ပလား (ကျပါပြီ) ဘာသိမှတ်း (ကျန်းမာတယ်လို့ ထင်နေတဲ့ အထဲက ဒုက္ခ)။

ဒီကျန်းမာနေတဲ့ ထိုင်နေတဲ့အထဲက ဖေါက်ပြန်နေတဲ့ ရုပ်နာမ်တို့၏ခဏခဏဖြစ်ပျက်နေတဲ့ဒုက္ခကိုသိမှ ဒါဒုက္ခ သိတယ်လို့မှတ်လိုက် (မှန်ပါ့)။ သဘောပါပလား (ပါ-ပါပြီ ဘုရား)။

ကျန်းမာတယ်လို့ထင်နေတဲ့ခန္ဓာငါးပါးကို ဘယ်လိုသိ ရမလဲ? (ဒုက္ခလို့သိရမယ်) အဲဒီဒုက္ခကခင်ဗျားတို့ ယောဂီ ပုဂ္ဂိုလ်၊ တော်တော်ခရီးပေါက်တဲ့ ယောဂီပုဂ္ဂိုလ်မှ တစ်ပါး၊ ကျန်တဲ့ပုဂ္ဂိုလ်ဘယ်တော့မှ မသိဘူးလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့)။ သိပါ့မလား . . . (မသိပါဘုရား)။

ခဏခဏ ဖေါက်ပြန်ပျက်စီးနေတာလေးတွေကို ဖြစ် လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ အဲဒီဒုက္ခလေးတွေမှ ဒုက္ခသစ္စာအစစ်၊ သဘောကျပလား (ကျပါပြီဘုရား) အဲဒါ ကြောင့် ဘုရားက "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ" သဘောကျပလား (ကျပါပြီဘုရား)။

ခန္ဓာငါးပါးသည် ခဏခဏဖေါက်ပြန်ပျက်စီးနေတဲ့ ဒုက္ခမှ ဒုက္ခအစစ်ပဲ (မှန်ပါ့) အဲဒီဒုက္ခကိုသိမှ ဒုက္ခပိုင်ပိုင် နိုင်နိုင်သိမှ နိရောဓဆိုတဲ့နိဗ္ဗာန်ကိုရမယ်၊ ရှင်းပလား (ရှင်းပါ ပြီ) ဒါဖြင့် ဒုက္ခသိပြီပေါ့ . . . (သိပါပြီဘုရား)။

တစ်နံ့ပါတ်ဒုက္ခသိမှု၊ ထိုးထွင်းသိမှု တစ်နံ့ပါတ်၊ ထိုးထွင်းသိကြပလား. . . (သိပါပြီ)။

သိတာကတော့ မောင်နိုင်ရ၊ ကိုမြင့်ရ ဝိပဿနာလုပ်မှုပဲဖြစ်မယ်။ အို-ကိုယ့်ခန္ဓာထဲကြည့်လိုက် ခဏခဏဖြစ်ပြန်ပြီ၊ ပျက်ပြန်ပြီ၊ ဩော် ခဏခဏ မွေး၊ ခဏခဏသေ၊ ခဏခဏဖြစ်ဒုက္ခ၊ ခဏခဏပျက်ဒုက္ခ၊ ခဏခဏသေရေး ပေါ်တာနဲ့ သေတာ။

## ကျန်းမာတဲ့ဒုက္ခကိုသိမှဒုက္ခသစ္စာသိတာ

ကျန်းမာနေတဲ့ခန္ဓာကြီးမှာ ဒီအတိုင်း ဒီအတိုင်းနေတော့မှ ဩော်. . . ဒုက္ခဆိုတာ ဒို့သန္တာန်မှာ သုခမြူမှ မပါ၊ ပါကလားဆိုတာ ပေါ်လာတယ်၊ ဟိုခင်ဗျားတို့ မကျန်းမာတဲ့ ဥစ္စာက၊ အင်း-လေနာက၊ လေနာပျောက်သွားတယ်၊ ကျန်းမာတယ်ဖြစ်တယ်၊ ဒီဟာက ဘယ်အချိန်ကျန်းမာသလဲ (ဘယ်အချိန်မှ မကျန်းမာပါဘုရား)။

ခန္ဓာငါးပါးထဲက ဘယ်အချိန်များဖြစ်ပျက်ရပ်တဲ့ အချိန်သိသလား. . (မသိပါဘုရား) ဘယ်အချိန်မှ မကျန်းမာတဲ့ဒုက္ခကိုသိမှ ဒုက္ခသစ္စာကိုသိတာ (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီ) ဘယ်အချိန်မှမကျန်းမာဘူးသိမှ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိတယ်လို့ မှတ်လိုက်. . . (မှန်ပါ့)။

http://www.thitsarparamisociety.com/


ဒီတစ်လုံး သိပ်အရေးကြီးပါတယ်၊ အခုပြောတာ၊ နောက်က ဒကာ ဒကာမတွေ အခုပြောတာ သဘောကျပလား. . . (ကျပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အလုပ်ထဲမှာပါတဲ့ ဒုက္ခသစ္စာကတဲ့ ဒကာ ဒကာမတို့ ကျန်းမာနေတုံးကိုပဲ ခန္ဓာက ဖောက်ပြန်ပျက်စီးနေတဲ့ဖြစ်ဒုက္ခ ပျက်ဒုက္ခ ဆိုတာကို သိပါမှ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတယ်လို့ မှတ်လိုက်ပါ. . . (မှန်ပါ့)။

လူလဲကျန်းမာတယ်နော်၊ ဝိပဿနာဉာဏ်နဲ့ကြည့်လိုက်တဲ့အခါ ဘာတွေ့ရသလဲ. . . (ဖြစ်ပျက်တွေ့ရပါတယ်) ဖြစ်ပျက်ဒုက္ခကို တွေ့ရတော့ သြော်. . . ဒါဖြင့် ဘယ်အချိန်မှ မကျန်းမာပါကလားဆိုတာပေါ်လာတယ်၊ ရှင်းပလား. . . (ရှင်းပါပြီ)။

အဲဒီဒုက္ခကိုသိမှ အဲဒီဒုက္ခကို ပိုင်ပိုင်နိုင်နိုင် ကျကျနနသိမှ နိဗ္ဗာန်ရမယ်။

အားလုံးဂရုစိုက်မှတ်ပါ၊ မောင်နိုင်၊ ကျန်းမာနေတုံးမှာ ဖြစ်ပျက်ဒုက္ခသိပါမှ၊ (မှန်ပါ့) မကျန်းမာတာက တိရစ္ဆာန်သိ၊ သဘောကျပလား (ကျပါပြီ) ဒွိဟိတ်လဲသိတယ်၊ အဟိတ်ပုဂ္ဂိုလ်တွေကောသိတယ်၊ ကျန်းမာနေတုန်း ဖောက်ပြန်ပျက်စီးနေတာကိုတော့ တိဟိတ်ဉာဏ်မှသိတယ် (မှန်ပါ့) အဲဒီလို ခွဲပြောလိုက်တော့ ခင်ဗျားတို့ ပိုရှင်းသွားတာပေါ့ (မှန်ပါ့) မရှင်းဘူးလား . . . (ရှင်းပါတယ်)။

http://www.thitsarparamisociety.com/



## ခွေးသိ၊ ဝက်သိ၊ ဒုက္ခမျိုးနှင့်နိဗ္ဗာန်မရနိုင်

ခွေးတွေ ရိုက်လိုက်တော့ ဒကာ ဒကာမတွေ ဒုက္ခရောက်တော့ အော်ရှာကြတယ်၊ ငအော်-မအော်. . . (အော်ပါတယ်ဘုရား)။ ဒါဖြင့်ဒုက္ခသိလို့အော်တာပေါ့၊ ဒုတ်နဲ့ရွယ်ရင်တချို့ ခွေးက အိုင်အိုင်မြည်လိုက်သေးတယ် (မှန်ပါ့) ဒုက္ခရောက်မှာစိုးလို့ သူတို့အော်တာ၊ ကိုင်းသူတို့ မသိဘူးလား. . . (သိပါတယ်ဘုရား) အဲဒီပုဂ္ဂိုလ်ဟာ ဒွိဟိတ်လား-တိဟိတ်လား အဟိတ်လား. . . (အဟိတ်)။

အဲ-အဟိတ်တောင်သိတဲ့ဒုက္ခဆိုတော့ ဘယ်နိဗ္ဗာန်ရနိုင်ပါ့မလဲ၊ တိဟိတ်သိတဲ့ဒုက္ခမှ နိဗ္ဗာန်ရမှာကိုး၊ ပေါ် ပလား . . . (ပေါ်ပါပြီဘုရား) အခုဒီတစ်လုံးကို ဖိပြော နေတယ် ခင်ဗျားတို့ကို ဒီတစ်လုံးကိုဖိပြောနေတာ။

ဒါကြောင့် ခွေးသိ ဝက်သိဒုက္ခဟာ အလကား နိဗ္ဗာန်မရဘူးလို့မှတ် (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ) ခွေးသိဝက်သိဒုက္ခဟာ. . . (အလကားပါဘုရား) ဒါအဟိတ်ပုဂ္ဂိုလ်သိတဲ့ဒုက္ခ၊ ဘယ်လိုဆိုကြမယ် (အဟိတ်ပုဂ္ဂိုလ်သိတဲ့ဒုက္ခ)။

အဟိတ်ပုဂ္ဂိုလ်တဲ့ ဉာဏ်မပါတဲ့ပုဂ္ဂိုလ်သိတဲ့ဒုက္ခတဲ့၊ နိဗ္ဗာန်ဆိုတာ ဉာဏ်နဲ့သွားရတာ (မှန်ပါ့) အဲဒီပုဂ္ဂိုလ်ဟာ

http://www.thitsarparamisociety.com/



နိဗ္ဗာန်သွားနိုင်ပါ့မလား. . . (မသွားနိုင်ပါ) မသွားနိုင်တဲ့ ပုဂ္ဂိုလ်ကသိတဲ့ဒုက္ခကို၊ ကျုပ်တို့က အဲဒါကြီးများဒုက္ခတွေ့ပြီ ယူလိုက်ရင် ငါးပါးမှောက်လို့ပေါ့ဗျာ. . . အဲဒါ ကြပ်ကြပ် စဉ်းစားထားပါ။

ကိုင်းတစ်ခါ ဒိဋ္ဌိပုဂ္ဂိုလ်တွေသိတဲ့ဒုက္ခရှိပါသေးတယ်။ ချွေးတစီးစီးနဲ့ အင်မတန် ညောင်းတာညာတာ ကိုက်တာနဲ့ ကျုပ်ဖြင့်သေ၊ သေချင်တာပဲ ဒုက္ခဟာ သိပ်ကြီးတာပဲ၊ မောင်နိုင် ဒီလိုကောမရှိဘူးလား (ရှိပါတယ်) အဲတော့ ဒိဋ္ဌိပုဂ္ဂိုလ်သိတဲ့ဒုက္ခနိဗ္ဗာန်မရနိုင်ဘူး၊ ရပါ့မလား (မရပါဘူးရား)။

## ဒိဋ္ဌိသိတဲ့ဒုက္ခမျိုးနှင့်လည်း နိဗ္ဗာန်မရနိုင်

ဒိဋ္ဌိပုဂ္ဂိုလ်ဉာဏ်မပါပါဘူးတဲ့၊ ကျုပ်ဒီနေ့ လုပ်ရတာ ပင်ပန်းတယ်၊ ကျုပ်ဒီနေ့သိပ်ဒုက္ခရောက်တာပဲ၊ ပင်ပန်းတဲ့ဒုက္ခ သူသိတယ်၊ သဘောကျပလား. . . ကျပါပြီ၊ အဲဒီ ဒုက္ခနိဗ္ဗာန်ရောက်တဲ့ ဒုက္ခလား. . . (မရောက်ပါဘူး) ဘယ်ပုဂ္ဂိုလ်သိတဲ့ဒုက္ခပါလိမ့်. . . (ဒိဋ္ဌိသိတဲ့ဒုက္ခပါ) ဒိဋ္ဌိပုဂ္ဂိုလ်နိဗ္ဗာန်ရောက်နိုင်မလား၊ ဒီဘဝ. . . (မရောက်နိုင်ပါ

http://www.thitsarparamisociety.com/



ဘုရား) မရောက်နိုင်လို့ရှိရင် အဲဒါအလကား အန္တပုထုဇဉ် သိတဲ့ဒုက္ခ (မှန်ပါ့) မရောက်နိုင်ဘူးတဲ့ ဒီဥစ္စာ (မှန်ပါ့) ကျေနပ်ပလား (ကျေနပ်ပါတယ်)။

ဒါဖြင့် တိရစ္ဆာန်သိတဲ့ဒုက္ခလဲ ကျုပ်တို့သိနေအပိုပဲ၊ ဒကာ ဒကာမတွေ ညည်းနေတာ တိရစ္ဆာန်သိတဲ့ဒုက္ခနဲ့ ညည်းနေတာ မောင်နိုင်ရ၊ ကျုပ်ဖြင့် သေသာသေချင်တာပဲ၊ ဒီသားနဲ့ ဒီသမီးနဲ့ ဒီမြေးနဲ့ ကျုပ်ဘယ်မှ စိတ်ချမ်းသာမှုဖြင့် မရှိဘူး၊ မျက်ရည်နဲ့ မျက်ခွက်နဲ့နေရတာပဲ (မှန်ပါ့) တချို့ မပြောကြဘူးလား. . . (ပြောကြပါတယ်ဘုရား)။

အဲဒါလဲအဝိဇ္ဇာမှန်းမသိဘူး (မှန်ပါ) အဲဒီဒုက္ခနဲ့ နိဗ္ဗာန်ရောက်ရမယ်ဆိုရင် မောင်နိုင်ခက်ပြီပေါ့ကွ၊ ဒါဖြင့် နိဗ္ဗာန်ရောက်တဲ့ဒုက္ခ၊ နိဗ္ဗာန်မရောက်တဲ့ဒုက္ခခွဲထားတယ်။

ကျန်းမာရက်နဲ့ခန္ဓာထဲမှာ ခဏခဏရောက်နေတဲ့ ဖြစ်ပျက်ဒုက္ခမှ ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်မှာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

လူက ကျန်းမာတယ်နော်၊ ကြည့်လိုက်တဲ့အခါကျ တော့ ဖြစ်ဒုက္ခ ပျက်ဒုက္ခကလေးတွေဟာ အို. . . အပ်သွား ချစရာမရှိအောင်မြင်တဲ့ဒုက္ခမှ နိဗ္ဗာန်ကိုကျေးဇူးပြုမည့်ဒုက္ခ (မှန်ပါ့) ဒုက္ခပိုင်ပိုင်နိုင်နိုင်သိတဲ့ဒုက္ခဆိုတာ ဒီဒုက္ခမှ နိဗ္ဗာန် ရမှာ တိဟိတ်သိတဲ့ဒုက္ခ၊ ရှင်းပလား. . . (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/



## တိဟိတ်အညံ့စား၊ သိတဲ့ဒုက္ခမျိုးလည်း နိဗ္ဗာန် မရနိုင်

အဟိတ်သိတဲ့ဒုက္ခလဲနိဗ္ဗာန်မရဘူး၊ ဒွိဟိတ်သိတဲ့ဒုက္ခလဲ (နိဗ္ဗာန်မရပါဘုရား) တိဟိတ်တောင်မှ အညံ့စား တိဟိတ်ကြီးမကသိတဲ့ဒုက္ခလဲ နိဗ္ဗာန်မရသေးဘူး၊ တိဟိတ်ဉက္ကဋ္ဌများသိတဲ့ ခန္ဓာကြီးတဖျပ်ဖျပ်လဲနေတာ (မှန်ပါ့)။

ဝေဒနာလေး ခဏခဏဒုက္ခရောက်နေတယ် ခဏခဏဖြစ်လိုက်ပျက်လိုက်နဲ့ ဒုက္ခရောက်နေတယ်၊ စိတ်ကလေး ခဏခဏဖြစ်လိုက်ပျက်လိုက်နဲ့၊ ဩော် . . . ဒီခန္ဓာကြီးဖြင့် ဘယ်ခန္ဓာမဆို ဖြစ်ပျက် ဒုက္ခနဲ့နေတာပါလား၊ မွေးသေဒုက္ခနဲ့ချည်း နေတာပါလား။

## တိဟိတ်ဉက္ကဋ္ဌမှ နိဗ္ဗာန်ရမည်

ဖြစ်ဒုက္ခပျက်ဒုက္ခနဲ့ချည်းနေတာပါလား ဒီလိုဉာဏ်ထဲမှာကို မြင်နေတဲ့ပုဂ္ဂိုလ်မှ တိဟိတ်ဉက္ကဋ္ဌဖြစ်တဲ့ ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရမယ် သဘောပါပလား . . . (ပါပါပြီဘုရား)။

ဒါအင်မတန် အရေးကြီးလို့ ပြောနေပါတယ်၊ ဒကာဒကာမတွေ ဒို့ဘယ်လိုဒုက္ခ သိလို့ရှိရင် ဒို့သည် သစ္စာဆိုက်မှာတုံး၊ နိဗ္ဗာန်ရောက်မည့် ဒုက္ခကို ပိုင်းခြားမြင်ရသတုံးလို့ မောင်နိုင်တို့က မေးမေး၊ ကိုမြင့်တို့က မေးမေး

http://www.thitsarparamisociety.com/



ကျန်းမာနေတုံးသိတဲ့ ဒုက္ခကြီး (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ)။

အဲတော့ ဘယ်ဒုက္ခသိရမှာတုံး . . . (ကျန်းမာနေတုံးသိတဲ့ ဒုက္ခ) ကျန်းမာနေတုံး ခန္ဓာဘယ်လို ပြောသတုံး . . . (ဖြစ်ပျက်ပြောပါတယ်)။

## နကုလတို့ကို ဟောသောတရားတော်

အင်း-ဖြစ်လိုက် ပျက်လိုက် ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ခဏခဏ နကုလမာတာ၊ နကုလပီတာ တို့ကို ဟောတဲ့နေရာမှာ ကိုမြင့်တို့ မောင်နိုင်တို့ မှတ်မိနေမှာပေါ့ (မှန်ပါ့)။

ဒကာကြီး ကျန်းမာရဲ့လားတဲ့ ဘုရားကမေးလိုက်တဲ့ အခါ နကုလပီတာက မကျန်းမာဘူးတဲ့ အေး . . . "ဣမံကာယံ ပရိဟရန္တော မုဟုတ္တမ္ပိ အရောဂျံ ဇာနေယျ"။

ဤကိုယ်ကြီးကို ဆောင်ပြီးသကာလနေတော့ တစ်ခဏကလေးမျှ အနာကင်းပြီးသကာလ နေတယ်လို့ ယူလို့ရှိရင်ဖြင့် "ကိံအညတြဗာလျာ" ဗာလျာ = မိုက်သောပုဂ္ဂိုလ် အညတြ = ကြဉ်ထား၍၊ ကိံ = ဘယ်ပုဂ္ဂိုလ်မှ မပြောဘူးတဲ့ (မှန်ပါ့)။

http://www.thitsarparamisociety.com/


ခန္ဓာကိုယ်ကြီး ဆောင်နေရတဲ့ပုဂ္ဂိုလ်ဟာ ဘယ်အချိန်မှ ကျန်းမာတယ်လို့ လူမိုက်ချန်လှပ်၍ ကျန်တဲ့ တိဟိတ်ပုဂ္ဂိုလ်များသည် ဘယ်အချိန်မှ ကျန်းမာတယ်လို့ သူတို့စိတ်ထဲမှာ မမြင်ပါဘူးတဲ့ (မှန်လှပါဘုရား)။

လူမိုက်ဖြစ်ရင် ကျန်းမာလို့လာနိုင်တယ်လို့ ပြောတာ။

လူမိုက်ဖြစ်ရင် ကျန်းမာလို့လာနိုင်ပါတယ်၊ ကျန်းမာလို့ထိုင်နိုင်ပါတယ် ပြောတာပါဘုရားတဲ့၊ ဒါ့ကြောင့် " ဣမံ ကာယံ ပရိဟရန္တော မုဟုတ္တမ္ပိ အာရောဂျံ ဇာနေယျကိံ အညတြဗာလျာ"

## ဘယ်အချိန်မှ မကောင်းတဲ့ဒုက္ခ

ဣမံကာယံ = ဤခန္ဓာကိုယ်ကြီးကို ခန္ဓာငါးပါးကို ပေါ့ကွာ၊ ပရိဟရန္တော = ဆောင်နေတဲ့ပုဂ္ဂိုလ်သည်၊ မုဟုတ္တံ = တစ်ခဏမျှ၊ အာရောဂျံ = အနာကင်းတယ်လို့ ယူငြားအံ့၊ အနာကင်းတယ်လို့၊ ဇာနေယျ = သိငြားအံ့၊ အနာကင်းတယ်လို့သိရင် ကိံအညတြဗာလျာ၊ ဗာလျာ = မိုက်တဲ့ပုဂ္ဂိုလ်ကို အညတြ = ကြဉ်ထား၍၊ ကိံ = ဘယ်ပုဂ္ဂိုလ်မှ မပြောဘူး၊ မပြောဘူးတဲ့ လူမိုက်သာပြောတာ (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ) အဲဒီဒုက္ခမြင်ဖို့ အရေးကြီးတယ်၊ ရှင်းပလား (ရှင်းပါပြီ)။

ခဏခဏ ဖောက်ပြန်ပျက်စီးနေတဲ့ ဝေဒနာကလေး

http://www.thitsarparamisociety.com/



ပေါ်လိုက် ပျောက်သွားလိုက် စိတ်ကလေးပေါ်လိုက် ပျောက်သွားလိုက်၊ ရုပ်ကလေး ပေါ်လိုက် (ပျောက်သွားလိုက်) အဲဒါက မောင်နိုင်၊ ဘယ်အချိန်မဆို မကင်းတဲ့ဒုက္ခဆိုလို့ လွဲပါ့မလား (မလွဲပါဘုရား) နောက်က ဒကာဒကာမတွေက ဘယ်လိုမှတ်ကြမလဲ . . . (ဘယ်အချိန်မှ မကင်းတဲ့ ဒုက္ခပါ) ဘယ်အချိန်မှ မကင်းတဲ့ ဒုက္ခဆိုတာ ကျေနပ်ပလား . . . (ကျေနပ်ပါတယ်ဘုရား)။

က္ကမံကာယံ ပရိဟရန္တောကိုး၊ က္ကမံကာယံ = ဤ ခန္ဓာငါးပါး ရုပ်နာမ်တရား၊ ပရိဟရန္တော = ဆောင်နေတဲ့ ပုဂ္ဂိုလ်၊ ဆောင်ကြဉ်းနေရတဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာကိုယ်ဆောင်ကြဉ်းနေရတဲ့ပုဂ္ဂိုလ်ဆိုတော့ မောင်နိုင်မရှင်းဘူးလား . . . (ရှင်းပါတယ်) အာရောဂျံ၊ မုဟုတ္တမ္ပိအာရောဂျံ၊ မုဟုတ္တမ္ပိ = တစ်ခဏမျှ၊ အာရောဂျံ = အနာကင်းတယ်လို့ ဇာနေယျကော အညတြဗာလျာ = လူမိုက်ကို အညတြ = ကြဉ်ထား၍၊ ကော = ဘယ်ပုဂ္ဂိုလ်မှ မပြောဘူး၊ သဘောကျပလား (ကျပါတယ်ဘုရား)။

## ကျန်းမာတုန်း မြင်တဲ့ဒုက္ခမှ နိဗ္ဗာန်ရနိုင်တဲ့ဒုက္ခ

လူမိုက်ချန်လှပ်၍ ကျန်တဲ့ပုဂ္ဂိုလ်က ခန္ဓာကို ဆောင်ကြဉ်းနေရတာ ဘယ်အချိန်မှ သုခမပါဘူးဆိုတာကို ပညာရှိတွေက ပြောပါလိမ့်မယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/


ကျန်းမာတုန်းမြင်တဲ့ဒုက္ခမှသာလျှင် နိဗ္ဗာန်ရောက်နိုင်တဲ့ ဒုက္ခသစ္စာပိုင်းခြားတဲ့ ဉာဏ်လို့မှတ်လိုက် (မှန်ပါ့ဘုရား)။

မောင်နိုင် ဒီဉစ္စာ သာမညပြောသလား၊ အရေးကြီးလို့ ပြောသလား (အရေးကြီးလို့ ပြောတာပါဘုရား)။

ကိုင်း-ဒကာဒကာမတို့ ဒီပြင်ဟာတွေက ပရိယာယဒုက္ခတဲ့၊ ပရိယာယဒုက္ခတွေ သဘောကျပလား (ကျပါပြီ) ဒီပြင်ဟာတွေကတော့ ပရိယာယဒုက္ခတွေတဲ့။

သောကဖြစ်တယ်ဆိုရင် သောကမဖြစ်ပါနဲ့ ငွေတစ်ထောင်ပျောက်တယ်၊ ရှေ့နှစ်ထောင်ယူသွားဆိုရင် သောကပျောက်သွားတယ်၊ ပရိယာယဒုက္ခဆိုရင် ခဏခဏပျောက်ပျောက်သွားတယ် သဘောကျပလား . . . (ကျပါပြီ) မျက်စိလေးနာတယ်၊ ရှော့ မျက်စဉ်းကလေးခတ်လိုက်၊ ဉကျသက်သာမှာပဲ၊ ပျောက်သွားတယ်၊ မပျောက်ဘူးလား . . . (ပျောက်ပါတယ်)။

## ဆေးကုလို့မရတဲ့ဒုက္ခ

ခုနခန္ဓာကိုယ်ကြီးထဲမှာ ဆောင်နေရတဲ့၊ ခန္ဓာကိုယ်ကြီးထဲမှာ ဖြစ်ပေါ်နေတယ်လေ . . . ရုပ်ဒုက္ခ၊ နာမ်ဒုက္ခ၊ ဝေဒနာဒုက္ခ၊ စိတ်ဒုက္ခတွေကတော့ ဘာဆေးကုလို့မှ မရဘူး၊ ရရဲ့လား . . . (မရပါဘူး) ခဏခဏ ဖောက်ပြန်

http://www.thitsarparamisociety.com/



ပျက်စီးနေတာပဲ မဟုတ်လား . . . (မှန်ပါ့) အဲဒီ ဒုက္ခကို မြင်ပါမှ ခင်ဗျားတို့သည်၊ နိဗ္ဗာန်ကို ကျေးဇူးပြုမည့် ဒုက္ခလို့ မှတ် . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီ) နေရာ ကျကြပလား (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် "နကုလ" နေရာကျတော့လဲ ဒီ အတိုင်းပဲ ဟောပါတယ်ဆိုတာလဲ ကျေနပ်ပလား (ကျေနပ် ပါပြီ) "ဩော် . . . ဒါဖြင့် မောင်နိုင်တို့ ကိုမြင့်တို့ နောက်က ဒကာဒကာမတွေ ဩော် ဒုက္ခပိုင်းခြားပြီး ပိုင်ပိုင်နိုင်နိုင် သိရမယ်ဆိုတာ ဒို့က အနာရောက်တဲ့ဒုက္ခ ဒို့သိတယ်၊ သတ်သေမည့်ဒုက္ခ ဒို့သိတယ်၊ ဒါမျိုးလဲ မတွေ့ချင်ဘူးလို့ ဒို့သိတယ်။

အလကားဒုက္ခ ဒီဥစ္စာ ပရိယာယ ဒုက္ခ၊ ပရိယာယ မဟုတ်တဲ့ မုချဒုက္ခအကျိုး သိရမယ်၊ ရှင်းကြပလား . . . (ရှင်းပါပြီ) ပရိယာယမဟုတ်တဲ့ မုချဒုက္ခဆိုတာ ဘယ် အချိန်မှာပါလိမ့် . . . (ကျန်းမာတုန်းမှာ) ကျန်းမာတုန်းမှာ ဖောက်ပြန်ပျက်စီးနေတာ မြင်တော့မှ ဩော် . . . ဘယ်ချိန် မှာမှ သုခမပါပါလားလို့ ကိုမြင့်တို့ မောင်နိုင်တို့ ဆုံးဖြတ်ချက် ချပါ၊ (ချပါတယ်ဘုရား) ရှင်းကြပလား . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယောဂီပုဂ္ဂိုလ်တို့ ဩော် ဒို့ ဘယ်အချိန်ကျမှ ဒို့ကမ္မဋ္ဌာန်းပြီးမှာပါလိမ့်မတုံးလို့ မမေးပါနဲ့ အခုပြောတာကို သာ မှတ်လိုက်ပါတော့ ရှင်းပလား (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/



## ဒုက္ခအစစ်ဆိုတာ ဒါတွေ

မိမိခန္ဓာကိုယ်ထဲမှာ ထိုင်နေရင်းမတ်တတ်နဲ့ ဖျပ်ဖျပ်၊ ဖျပ်ဖျပ်နဲ့ ဒုက္ခရောက်တာတွေ မြင်လို့ရှိရင် ပြီးတော့မှာပဲ လို့သာ မှတ်ပေတော့ နိဗ္ဗာန်ရောက်တော့မယ် (မှန်ပါ့) နိဗ္ဗာန်ရောက်တော့မယ် ကျန်းမာတဲ့ဒုက္ခ ဒီတွင်ပေါ်တယ်။

ကျန်းမာနေတုန်းမှာ ဝိပဿနာရှုတယ်၊ ဝိပဿနာ ရှုတုန်းမှာ အများကြီးတွေ့ရတယ်၊ မတွေ့ရဘူးလား . . . (တွေ့ရပါတယ်) ဖျပ်ဖျပ်၊ ဖျပ်ဖျပ်နဲ့ ဒုက္ခတွေ မလာဘူးလား . . . (လာပါတယ်)။

အဲဒီဒုက္ခတွေကို ဒကာဒကာမတွေက ဩော် . . . ဒုက္ခအစစ်ဟာ ဒါတွေကိုးလို့ ပိုင်းခြားလိုက်လို့ရှိရင် ဖျပ်ဆို တစ်ချက်ထဲ နိရောဓဝင်ပြီး၊ နိဗ္ဗာန်ပေါ်တော့တာပဲ၊ ကဲ ဘယ်လောက်အဖိုးတန်သွားသလဲ . . . (တန်ပါတယ်ဘုရား) ကျေနပ်ကြပလား . . . (ကျေနပ်ပါပြီ)။

တစ်-နံပါတ်ဆိုတာ ဒါပဲ မောင်နိုင်ရဲ ရှင်းကြပလား . . . (ရှင်းပါပြီ) ဘုန်းကြီးတော့ အင်မတန် ကျေနပ်ပါတယ်၊ ဘယ်လိုကြောင့် ကျေနပ်ပြီး ဒကာဒကာမတို့ ဟောရပြောရ တာ ဘာပြုလို့ ကျေနပ်သတုံးလို့ မေးလိုက်တဲ့အခါ ပရိယာယ နဲ့ ပရိယာယ မဟုတ်တဲ့ဒုက္ခ ဘယ်ဒုက္ခကမှ နိဗ္ဗာန်ရောက် တယ်ဆိုတာ ယနေ့ရှင်းသွားပြီ (မှန်ပါ့)။

http://www.thitsarparamisociety.com/



## ပရိယာယဒုက္ခက နိဗ္ဗာန်မရောက်ဘူး

ပရိယာယဒုက္ခက နိဗ္ဗာန်မရောက်ဘူး၊ ဆေးကုလို့ရတဲ့ဒုက္ခဟူသရွေ့ နိဗ္ဗာန်မရောက်ဘူး ရှင်းပလား . . . (ရှင်းပါပြီ) ဆေးကုလို့မရတဲ့ ဒုက္ခမှ နိဗ္ဗာန်ရောက်မယ်၊ တထစ်ချမှတ်ပါ။

ဆေးကုလို့ရတဲ့ဒုက္ခကို သိလို့ရှိရင် နိဗ္ဗာန်မရောက်ဘူး၊ ဆေးကုလို့ဘယ်တော့မှ မရတဲ့ဒုက္ခသိမှ . . . (နိဗ္ဗာန်ရောက်မှာပါဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီ) နေရာကျပြီ ဒကာဒကာမတွေ ဒီရောက်အောင်လုပ်၊ ဒီရောက်အောင် လုပ်ရင် ဒုက္ခပိုင်ပိုင်နိုင်နိုင်သိပြီလို့ ဆုံးဖြတ်ချက်ချ (မှန်ပါ့) ဒီစကားတစ်လုံးဟာ မောင်နိုင်တို့ ကိုမြင့်တို့က သေးသေးသိမ်သိမ်လို့ မှတ်မနေနဲ့၊ သေးသေးသိမ်သိမ် မဟုတ်ဘူး။

## ဆေးကုလို့မပျောက်တဲ့ဒုက္ခ

ရှေးအရိယာ ဘုရားပေါင်း နိဗ္ဗာန်ဝင်ကြတဲ့ပုဂ္ဂိုလ်များဟာ ဘယ်ဒုက္ခသိပြီး ဝင်ကြပါလိမ့်မတုံးဆိုတော့၊ ဆေးကုလို့မပျောက်တဲ့ဒုက္ခသိသွားလို့ နိဗ္ဗာန်ဝင်ကြတာပဲ၊ ရှင်းပလား . . . (ရှင်းပါပြီ)။

ဆေးကုလို့ကို ဘယ်နည်းနဲ့မှမရ၊ ဆေးကုချိန်လဲမရ၊

http://www.thitsarparamisociety.com/


ကုလို့လဲ မပျောက်ဘူး၊ ဝေဒနာလေးဖြစ်တယ်၊ ဝေဒနာလေး ပျောက်တယ်၊ မောင်နိုင် ဆေးကုချိန်ကော ဝင်လို့ရသေးရဲ့ လား (မရပါဘုရား)။

စိတ်ကလေးဖြစ်တယ်၊ လောဘစိတ်ကလေးဖြစ် တယ်၊ လောဘစိတ်ကလေး ပျက်တယ်၊ ကုသိုလ်စိတ်ကလေး ဖြစ်တယ်၊ ကုသိုလ်စိတ်ကလေး ပျက်တယ်၊ ဖြစ်ပျက် ဖြစ်ပျက်ဆေးကို မှီသေးရဲ့လား . . . (မမှီပါဘူး)။

## ဆေးကုချိန်မရတဲ့ဒုက္ခ

ဆေးကုချိန်မရတဲ့ဒုက္ခ၊ ဆေးကုလို့ မပျောက်တဲ့ ဒုက္ခ ဒီဖြစ်ပျက်ဒုက္ခဟာ ဆေးကုလို့ကော ပျောက်ကြရဲ့လား (မပျောက်ပါဘုရား) အဲဒီဒုက္ခ ခင်ဗျားတို့မြင်လို့ရှိရင်ဖြင့် သေသေချာချာ ဒုက္ခပိုင်းခြားနိုင်မယ်၊ ပိုင်းခြားတဲ့ ဒုက္ခအစစ် ပါပဲ၊ သစ္စာအစစ်ဆိုက်တဲ့ ဒုက္ခ၊ နိပ္ပရိယာယ။ ပရိယာယဒုက္ခ မဟုတ်ပါဘူး၊ တကယ့် ပရိယာယမဟုတ်တဲ့ ဒုက္ခကို ခင်ဗျား တို့သိတဲ့အတွက် သေသေချာချာ နိဗ္ဗာန်ရမယ်လို့ ဆုံးဖြတ် ချက်ချ (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ဆေးကုချိန်မရတဲ့ ဒုက္ခရယ်၊ ဆေးကုလို့ မပျောက်တဲ့ဒုက္ခရယ်၊ ဒီဒုက္ခနှစ်ခုကို ခန္ဓာကိုယ်ထဲ ပိုင်ပိုင် နိုင်နိုင်သိရင် ခင်ဗျားတို့ နိဗ္ဗာန်ရပြီ။

http://www.thitsarparamisociety.com/



မောင်နိုင် ဒီနှစ်လုံးတော့ မှတ်မိရဲ့လား . . . (မှတ်မိပါပြီ) ဘယ်လိုဆိုကြမလဲ. . . (ဆေးကုလို့ မပျောက်တဲ့ဒုက္ခရယ် ဆေးကုလို့ မရတဲ့ ဒုက္ခရယ်) အင်း . . . ဒီလိုမရသေးဘူး ဆေးကုချိန်မရတဲ့ဒုက္ခ၊ အဖြစ်နဲ့အပျက်ကြားထဲမှာ ဘယ်ဆေးကုချိန်ရမလဲ . . . (မရပါ) အဲဒါ ရှင်းအောင်ပြောပါ၊ (ဆေးကုချိန်မရတဲ့ဒုက္ခ၊ ဆေးကုလို့မပျောက်တဲ့ဒုက္ခ)။

ဆေးကုလို့မပျောက်တဲ့ဒုက္ခ၊ ဒီဒုက္ခက ဘယ်လိုဆေးနည်းနဲ့မှ ကုလို့မရဘူး၊ သဘောကျပလား (ကျပါပြီ) အဲဒီဒုက္ခကို သိလို့ရှိရင် ခင်ဗျားတို့ နိဗ္ဗာန်ရပြီ၊ ဒီဘဝ ဆုံးဖြတ်ချက်ချ၊ သေပျော်တဲ့တစ်လုံးနော် (မှန်ပါ့) ဒီတစ်လုံးဟာ ဘာတဲ့ (သေပျော်တဲ့တစ်လုံးပါဘုရား)။

သေပျော်တဲ့တစ်လုံးနော်၊ ဒီလောက်ထိအောင် ခင်ဗျားတို့သိမှာမဟုတ်လို့ ဟောနေတာ၊ ခင်ဗျားတို့သိတဲ့ ဒုက္ခက အဟိတ်သိတဲ့ဒုက္ခ၊ ဒွိဟိတ်သိတဲ့ဒုက္ခ တိဟိတ်တောင် အရုပ်ကြမ်းသိတဲ့ဒုက္ခ။

## ဝိပဿနာယောဂီသိတဲ့ဒုက္ခမှ နိဗ္ဗာန်ရမယ်

တိဟိတ်သိတဲ့ဒုက္ခ၊ ဝိပဿနာယောဂီသိတဲ့ ဒုက္ခ မပါဘူး၊ ပါရဲ့လား? (မပါပါဘုရား) အခုပြောတာက ဝိပဿနာယောဂီသိတဲ့ ဒုက္ခ (မှန်ပါ့) တိဟိတ်ပုဂ္ဂိုလ်၊ အထက်

တန်းစား တိဟိတ်ပုဂ္ဂိုလ်၊ သိတဲ့ဒုက္ခကိုပြောနေတာ (မှန်ပါ့) အဲဒီဒုက္ခမှ နိဗ္ဗာန်ရမယ်ဆိုတာ သေသေချာချာ မှတ်ပါ။

သို့သော် ဘုန်းကြီးတို့ ဒကာဒကာမတွေ အခုသင်ထား၊ ပြထားလို့ တော်တော်ခရီးပေါက်နေတဲ့ ဒကာဒကာမတွေတော့ မဆိုလိုပါဘူးတဲ့ ဖြစ်ပျက်ဖြစ်ပျက်၊ ဒီမှာအနားမရှိဘူးဆိုကတည်းက သူသိနေတာပဲ၊ မသိသေးဘူးလား . . . (သိပါတယ်)။

အဲဒီသိတဲ့ ပုဂ္ဂိုလ်ကတော့ အင်း ဒီကိစ္စပြီးတယ် ဒုက္ခပိုင်းခြားရင် သမုဒယသေ၊ နိရောဓကလဲ ဒုက္ခချုပ်သွားရင်ပေါ်လာတာပဲ၊ မပေါ်လာနဲ့ဆိုလို့ ရသေးရဲ့လား (မရပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် ဒကာဒကာမတွေ ဘယ်ဒုက္ခ ပိုင်းခြားမှ နိဗ္ဗာန်ရနိုင်သလဲဆိုရင် ဖြေတတ်ကြပလား (ဖြေတတ်ပါပြီ) ဘယ်လိုဖြေကြပါ့မလဲ၊ (ဆေးကုလို့မပျောက်တဲ့ဒုက္ခ ဆေးကုချိန်မရတဲ့ဒုက္ခပိုင်းခြားသိမှပါဘုရား) ဆေးကုချိန် . . . (မရတဲ့ဒုက္ခ) ဆေးကုလို့ မပျောက်တဲ့ (ဒုက္ခ) ဆေးကုချိန်မရတဲ့ဒုက္ခ၊ ဆေးကုချိန်ကို မရလိုက်ဘူး (မှန်ပါ့)။

မြန်တာကိုးဗျ၊ ဆေးကုချိန်ရသေးရဲ့လား . . . (မရပါဘုရား) ကိုင်း . . . ကုပါဆိုရင်ကော ပျောက်ပါ့မလား . . . မပျောက်ပါဘုရား၊ ကုလို့မပျောက်တဲ့ ဒုက္ခ၊ (မှန်ပါ့) ဤ

http://www.thitsarparamisociety.com/



ဒုက္ခကြီးနှစ်ခု သေသေချာချာပိုင်ရင် ခင်ဗျားတို့ဘာမှ ဆုတောင်းမနေနဲ့ နိဗ္ဗာန်ရမယ်လို့သာ အောက်မေ့ (မှန်ပါ့ ဘုရား)။

မောင်နိုင် ပိုင်ပလား . . . (ပိုင်ပါပြီ) ကဲ ဒီဘက်က ဒကာတွေရော ပိုင်ကြပလား (ပိုင်ပါပြီဘုရား) ဒါ သေသေ ချာချာ မှတ်စမ်းပါ၊ ဒကာဒကာမတို့ ဒီအရေးသေးတာမဟုတ် လို့ ပြောနေတာ၊ နောက်က ယောဂီတွေကော နားလည်ကြ ပလား . . . (နားလည်ပါပြီ) သေသေချာချာ မှတ်ပါ။

ဆေးကုချိန် မရတဲ့ဒုက္ခ၊ အဖြစ်နဲ့အပျက်ကြားမှာ ဖြစ်တာကအနာပေါက်တာ၊ သဘောကျပလား (ကျပါပြီ) ဖြစ်တာက အနာပေါက်တာဆိုတော့ ဘာမှမပေါက်ရ သေးဘူး၊ အနာပေါက်ခါရှိသေးတယ်၊ အသေကစောသွားပြီ ပေါက်ပြီးသေလိုက်တာကိုး၊ ဆေးကုချိန်ကော . . . (မရပါ ဘုရား)။

## သိကြားလာကုလဲ မပျောက်တဲ့ဒုက္ခ

နို့ . . . တကယ်လို့ ဘုရားကလာကု၊ သိကြားက လာကုဆိုရင် ဖြစ်ပြီးပျက်နေတဲ့ ဥစ္စာကို ပျောက်အောင် . . . (မရပါဘူး) ရပ့်မလား . . . (မရပါဘူး) အဲဒါတွေကြောင့် ရှင်းရှင်းလင်းလင်း ပြောလိုက်ပါတယ် ဆေးကုချိန်မရတဲ့ ဒုက္ခ . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/


ဆေးကုလို့ကို မပျောက်တဲ့ဒုက္ခ၊ ဆေးကုချိန်မရတဲ့ ဒုက္ခ၊ ဤဒုက္ခနှစ်ခုကို ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ သိနေပါပြီ ဆိုမှဖြင့် ဒီဘဝ၊ ဒီခဏမှာပဲ နိဗ္ဗာန်ပေါ်တော့မှာပဲလို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပလား (ရှင်းပါပြီ)။

## ၁။ ဒုက္ခသိရမယ်

အဲဒီလို ဒုက္ခသိရမယ်ဆိုတော့ နိဗ္ဗေဓိကသုတ်ဆိုတဲ့ အတိုင်း ထိုးထိုးထွင်းထွင်း မသိရဘူးလား . . . (သိရပါတယ် ဘုရား) အဲဒီအသိကလေးကို ဘုန်းကြီးမဟောဖူးသေးပါ ဘူးတဲ့ (တင်ပ့ါ) အဲဒီအသိလို ခင်ဗျားတို့ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ သာ ဟောဘူးပါတယ်၊ ဒီလောက်ထိအောင် လှိုက်လှိုက်လှဲလှဲ နဲ့ ဆေးကုချိန်မရတဲ့ဒုက္ခ၊ ဆေးကုလို့မပျောက်တဲ့ ဒုက္ခကိုလဲ နကုလမာတာကို ပြောလိုက်သဖြင့်လဲ ရှင်းသွားပါတယ် (မှန်ပ့ါ)။

ဒီခန္ဓာကိုယ်ကြီးကို ဆောင်နေတဲ့ပုဂ္ဂိုလ်ဟာတဲ့ ဘယ်အချိန်မှ ဒုက္ခမရှိတဲ့အချိန် မရှိဘူး၊ လူမိုက်သာလျှင် ဒုက္ခ မရှိဘူးလို့ ပြောပါလိမ့်မယ်၊ ဒီအထဲအကုန်ပါနေပြီ . . . (မှန်ပ့ါ) မပါသေးဘူးလား . . . (ပါပါတယ်ဘုရား) ကောင်း ကောင်းသဘောကျပလား . . . (ကျပါပြီ) ရှင်းပြီနော် (ရှင်းပါပြီ)။

ဒါဖြင့် ဒုက္ခသိဖို့ တစ်နံပါတ်၊ မောင်နိုင် ကျေနပ် ပလား . . . (ကျေနပ်ပါပြီ)။

http://www.thitsarparamisociety.com/



ကဲ-ဆက္ကနိပါတ်အင်္ဂုတ္တိုရ်ဖြစ်တဲ့အတွက် ခြောက်ခု တော့ ဟောရလိမ့်မယ် (မှန်ပါ့) ဒါ ဂရုစိုက်နားထောင်ပါ။

## ၂။ ဒုက္ခဖြစ်ကြောင်းသိရမယ်

ဒုက္ခဖြစ်ကြောင်းသိမှု နှစ်နံပါတ်၊ နှစ်နံပါတ်က ဘာတဲ့ . . . (ဒုက္ခဖြစ်ကြောင်းသိမှုပါဘုရား) ကိုင်း-ဒါဖြင့် ခန္ဓာငါးပါးက ဒုက္ခ၊ ဒုက္ခဖြစ်ကြောင်းကဖြင့် ဒကာဒကာမတွေ အထူးမပြောတော့ပါဘူးတဲ့၊ သမုဒယသစ္စာလောဘကြောင့် ဖြစ်တာ သေချာပလား . . . သေချာပါပြီ။

ဒီဖြစ်ပျက်ဒုက္ခတွေ ဟူသရွေ့ဟာ မောင်နိုင် ဘယ်သူ တည်ထောင်လိုက်တာလဲ (သမုဒယသစ္စာတည်ထောင် တာပါ) ဤလောဘနဲ့ ခန္ဓာဆုတောင်းလို့ ပေါ်လာတာ ဖြစ်တယ်၊ ခန္ဓာကိုယ် ဆုမတောင်းတဲ့ ပုဂ္ဂိုလ်ပေါ်လာသေး ရဲ့လား . . . (မပေါ်လာပါ)။

## ဒုက္ခဖြစ်ကြောင်းက ဘယ်သူတုံး

အဲဒါကြောင့် ဒကာဒကာမတွေ ဒုက္ခဖြစ်ကြောင်းက ဘယ်သူပါလိမ့်? (သမုဒယပါ) သမုဒယရှင်းပြီနော် (ရှင်းပါပြီ) ဒါကြောင့် သမုဒယက အာယူဟာနဒ္ဒေါ၊ နိဒါနဒ္ဒေါ၊ သံယော

http://www.thitsarparamisociety.com/


ဂဗ္ဘော ပလိဗောဓဗ္ဘောလို့ဘုရားဟောတာ မဟောဘူးလား . . . (ဟောပါတယ်)။

သမုဒယက အာယူဟနဋ္ဌော ဒုက္ခဝတ္ထုဒုက္ခမှုတို့ကို စုဆောင်းဆည်းပူးတတ်သည်၊ သူဆည်းပူးထားတာတဲ့ ဒီခန္ဓာတွေဟာ (မှန်ပါ)။

နိဒါနဋ္ဌောတဲ့ - ဒုက္ခတွေဟူသရွေ့ သူပေးတာတွေ၊ ဖြစ်ခဲ့တဲ့ဒုက္ခတွေ သူကပေးတာ သဘောကျပလား . . . (ကျပါပြီ)။

သံယောဂဋ္ဌောတဲ့၊ ဒုက္ခနဲ့မခွဲရအောင် ဒီခန္ဓာကြီး အတွက်တွဲထားတာလဲ၊ အဲဒီခန္ဓာကြီးနဲ့ ဒုက္ခနဲ့ ဘယ်တော့မှ ကင်းမနေရအောင် အမြဲတန်း ဒုက္ခနဲ့နေရအောင် တွဲထား တာလဲ ဒီလောဘက တွဲပေးထားတာ၊ သဘောကျပလား ကျပါပြီ၊ ဒီဒုက္ခပြီးဟိုဒုက္ခကို သူဆက်ပေးတာ။

ဟိုဒုက္ခပြီးတော့ကော . . . (ဆက်ပေးပါတယ်) ထင်းခွေဆိုပြီး၊ ရေသွားခပ်ချေဦးကိုဗျ၊ သဘောကျပလား (ကျပါပြီ) ရေသွားခပ်ပြီးလို့ရှိရင်လဲ ဆန်ဆေးဦး၊ ခင်ဗျားတို့ ဒုက္ခပြတ်သေးရဲ့လား (မပြတ်ပါဘူး) ဆန်ဆေးပြီးရင် မီးမွှေး ဦး၊ မီးမွှေးပြီးရင် မီးဖိုပေါ်တည်ဦး၊ တည်ပြီးစောင့်ကြည့်နေဦး (မှန်ပါ့) ဘယ်ပြတ်သေးရဲ့လား . . . (မပြတ်ပါဘူး) သဘော

http://www.thitsarparamisociety.com/



ကျပလား (ကျပါပြီ) ပျော်သတက်ပျော်နေတာ သူပေး ထားတာ စေ့နေတာပဲ၊ မစေ့ဘူးလား . . . (စေ့ပါတယ် ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒုက္ခဖြစ်ကြောင်းက ဘယ်သူပါလိမ့် (သမုဒယပါ) သမုဒယဆိုတာ ကျေနပ်ပလား . . . (ကျေနပ် ပါပြီ) ကောင်းပြီ သမုဒယကြောင့် ဒုက္ခဖြစ်တယ်ဆိုတာလဲ ရှင်းနေပြီပေါ့ဗျာ။

## ၃။ ဒုက္ခအထူးသိရမယ်

ဒုက္ခအထူးသိရဦးမယ်၊ သုံးနံပါတ်က ဘာပါလိမ့် . . . ဒုက္ခအထူးသိရမယ်၊ ဒုက္ခအထူးသိရမယ်ဆိုတော့ ဒုက္ခ ဟာတဲ့ ဒကာဒကာမတို့ အကြီးအကျယ်ဒုက္ခလဲရှိတယ်၊ သေးတဲ့ဒုက္ခလဲရှိတယ်၊ ဒကာဒကာမတွေတစ်ခါတလေ သေး သေးဒုက္ခကော မတွေ့ရဘူးလား (တွေ့ရပါတယ်) တစ်ခါ တလေ ကြီးကြီးဒုက္ခကော (တွေ့ရပါတယ်)။

တစ်ခါတလေကျတော့ နွေးနွေးဒုက္ခကော (တွေ့ရ ပါတယ်) တစ်ခါတလေကျတော့ မြန်မြန်ဒုက္ခကော . . . (တွေ့ရပါတယ်) အဲ ခင်ဗျားတို့ ဒီလေးချက်ကို သိရမယ်။

ဒုက္ခက ဒီလိုထူးတယ်၊ သေးသေးဒုက္ခတစ်မျိုး၊

http://www.thitsarparamisociety.com/



ကြီးကြီးဒုက္ခက (တစ်မျိုးပါ) ရှင်းပြီနော် (ရှင်းပါပြီ) မြန်မြန်တွေ့တဲ့ဒုက္ခတစ်မျိုး၊ နှေးနှေးတွေ့တဲ့ဒုက္ခတစ်မျိုး အမြတ်တော်ကြေးဒုက္ခမျိုးကျတော့ မောင်နိုင် ဘယ်လိုတွေ့ပါလိမ့် . . . (နှေးနှေးပါဘုရား) နှေးနှေးမှ တွေ့တယ် ဟာ သူ့အနေနဲ့ တော်တော်နဲ့ မတွေ့သေးဘူး၊ သဘောကျပလား . . . (ကျပါပြီ) နှေးနှေးမှ တွေ့တယ်။

## နှေးနှေးမှတွေ့တဲ့ဒုက္ခ

နှေးနှေးမှ တွေ့တယ်ဆိုတာ သဘောကျပလား . . . (ကျပါပြီ)၊ ငွေရနေတုံး သူသတိကိုမရသေးဘူး တော်ကြာကျမှ လက်ပိုက်အိတ်ကလေး ဆွဲပြီးလာမှသာလျှင် ဒကာဒကာမတို့ စာရင်းလေးလာပို့ပါဆိုမှ သာလျှင်ဒုက္ခရောက်ပကောကွဲ၊ နှေးနှေးမှ တွေ့တာကိုကွဲ၊ (မှန်ပါ့)။

ကောင်းပြီ ကျောက်ရနေတုံး ဖြုံးခနဲလာတာ ဟုတ်ကဲ့လား . . . (မဟုတ်ပါ) ငွေကုန်ခါနီးမှ လာတာကွ . . . (မှန်ပါ့) မိုးကုတ်ထုံးစံပြောလို့ရှိရင် သဘောကျပလား (ကျပါပြီ)။

အဲ-ဒုက္ခတွေ့တဲ့ ဒကာဒကာမတို့ ကြီးကြီးဒုက္ခ၊ သေးသေးဒုက္ခ၊ နှေးနှေးဒုက္ခ၊ မြန်မြန်ဒုက္ခ၊ လေးမျိုးသိရမယ်၊

http://www.thitsarparamisociety.com/



ဒုက္ခဘယ်နှစ်မျိုးသိရမလဲ . . . (လေးမျိုးပါ) ကြီးကြီးဒုက္ခ တစ်မျိုး၊ သေးသေးဒုက္ခတစ်မျိုး နှေးနှေးဒုက္ခ (တစ်မျိုး) မြန်မြန်ဒုက္ခ . . . (တစ်မျိုးပါ) သဘောကျပလား . . . (ကျပါပြီ)။

## ဒုက္ခအမျိုးမျိုး

ကိုင်း . . . ဒါဖြင့် တစ်နည်းအားဖြင့် ပြောလိုက်မယ်၊ ဆေးကုလို့ မရတဲ့ဒုက္ခ ဆေးကုချိန်မရတဲ့ဒုက္ခကို ထည့်လိုက်ပါဦး သဘောကျပလား . . . (ကျပါပြီ)။ ဘာထည့်ရဦးမလဲ (ဆေးကုချိန်မရတဲ့ဒုက္ခ)။

(က) ဆေးကုလို့မပျောက်တဲ့ဒုက္ခ၊ (ခ) ဆေးကုချိန်မရတဲ့ဒုက္ခ ဒါလဲမင်းတို့ကြည့်လိုက်ပါဦး၊ ဒါဖြင့် ဒုက္ခထူးခြားတာဖြင့် ဒုက္ခခြောက်မျိုးတောင်ရှိတယ်၊ (ဂ) မြန်မြန်ဒုက္ခ (ဃ) နှေးနှေးဒုက္ခ၊ (င) ကြီးကြီးဒုက္ခ၊ (စ) သေးသေးဒုက္ခ သဘောကျပလား . . . (ကျပါပြီ)။

ဆေးဝါးမန္တရား ကုချိန်မရတဲ့ဒုက္ခ၊ ကုလို့မပျောက်တဲ့ဒုက္ခ၊ ခန္ဓာကိုယ်ကြီးမှာ ဒါပဲရှိတယ်၊ ဒီဒုက္ခခြောက်မျိုးပဲ ရှိတယ်။

မောင်နိုင် ဒီဥစ္စာ နားရှိလို့ကြားရတာပေါ့ အင်မတန်အဖိုးတန်တယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) နောက်

http://www.thitsarparamisociety.com/


က ဒကာဒကာမတို့ သဘောကျကြပြီလား . . . (ကျပါပြီဘုရား) ခင်ဗျားတို့ဒုက္ခ ဘယ်နှစ်မျိုးရှိသလဲ (ခြောက်မျိုးပါဘုရား)။

အင်း - နေ့းနေ့းဒုက္ခတစ်မျိုး၊ မြန်မြန်ဒုက္ခတစ်မျိုးပြီးတော့ (သေးသေးဒုက္ခတစ်မျိုး ကြီးကြီးဒုက္ခတစ်မျိုးပါ) ပြီးတော့ (ကုချိန်မရတဲ့ဒုက္ခ၊ ကုလို့မပျောက်တဲ့ဒုက္ခ) ဒုက္ခဒီလိုရှိတယ်ကွာတဲ့။

တစ် နှစ် ဒုက္ခအထူးခြားတွေကော မရှိဘူးလား (ရှိပါတယ်ဘုရား) ကောင်းပြီး ဒကာဒကာမတွေအတွက် ထူးခြားတာတွေ ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

## ၄။ ဒုက္ခ၏အကျိုးပေးသိရမယ်

ဒါဖြင့် ဒုက္ခ၏အကျိုးပေးကိုလဲ သိရဦးမယ် ဒကာဒကာမတို့ ၄-နံပါတ်က ဘာတဲ့ . . . (ဒုက္ခ အကျိုးပေးပါဘုရား)။

ဒုက္ခဟာတဲ့ ဒုက္ခရပြီးတော့မှ ခုနက ဒုက္ခခြောက်မျိုးရောက်တဲ့အခါကျတော့ ပုထုဇဉ်မိုက်ကျတော့ သောကပရိဒေဝ၊ ဒုက္ခ ဒေါမနဿလာတယ် (မှန်ပါ့) ဒုက္ခအကျိုးပေးနော် ရှင်းပလား . . . (ရှင်းပါပြီ)။

ရှေးဦးစွာ တွေ့တာကဘာလဲ (ဒုက္ခပါ) နောက်ကျ

http://www.thitsarparamisociety.com/



တော့ ဘာလဲ သူ့အကျိုးပေးတွေက သောက=ပူဆွေးတာ ပရိဒေဝ=ငိုကြွေးတာ ဥပါယာသ=ပြင်းစွာပင်ပန်းတာ မလာဘူးလား . . . (လာပါတယ်)။

အဲဒါက ဒီဒုက္ခတွေ အကျိုးပေးတာလို့ မှတ်ပါ၊ ရှင်းပလား (ရှင်းပါပြီ) သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿက ဘာတဲ့ (ဒုက္ခ၏ အကျိုးပေးပါ) ဒုက္ခ၏ အကျိုးပေးကိုလဲ သိရမယ် ဆိုတော့မှ ဒီနေရာ နှစ်ချက် အားလုံးဒကာဒကာမတွေက စဉ်းစား၊ ဆေးကုလို့မပျောက်တဲ့ဒုက္ခ၊ အင်း. . . ဆေးကုချိန်မရတဲ့ဒုက္ခ၊ ဆေးကုလို့မပျောက်နိုင်တဲ့ဒုက္ခ ဒို့ ပိုင်ပိုင်နိုင်နိုင်သိရင် ဒီအကျိုးပေးတွေ လာဦးမလား . . . (မလာပါဘုရား)။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေ လာပါ့မလား . . . (မလာပါ) ဒါမသိသေးလို့ လာနေတယ်ဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပလား . . . (ရှင်းပါပြီ)။

ကောင်းပြီတဲ့ ဩော် နိဗ္ဗေဓိက ပရိယျာယသုတ် ထိုးထွင်းပြီးသိရမယ့် သုတ်ဆိုတော့ တကယ်ထိုးထွင်းပြီး ဟောလိုက်တာ၊ မဟောဘူးလား (ဟောပါတယ်)။

ဒါ နေ့တိုင်းထက် ဒကာဒကာမတို့ နိဗ္ဗာန်နဲ့နီးတယ် ဆိုတာ မှတ်ထားလိုက်ပါ (မှန်ပါ့) မနီးဘူးလား . . . (နီးပါတယ်) နိဗ္ဗာန်သိပ်နီးတယ်၊ ဒီအတိုင်းသာ ခင်ဗျားတို့

http://www.thitsarparamisociety.com/


အားထုတ်ပါ၊ ခဏာခဏာခန္ဓာကိုယ်ကို ကြည့်ပေး ဩော် . . . ဖြစ်ပြီးလို့ မခံသာတာ၊ ဆေးကုချိန်တောင် မရပါလား။

ဘယ်လောက် ဘုန်းတန်ခိုးအာနုဘော်တွေ ပျောက်စေဆိုလို့ကော မောင်နိုင် (မရပါ) ဗြဟ္မာမင်းကြီးက ပျောက်စေဆိုပြီးသကာလ အော်လဲ (မရပါဘုရား) သိကြားမင်းက ပျောက်စေဆိုလို့ကော . . . (မရပါဘုရား) ဘုရားက ပျောက်စေဆိုလို့ကော (မရပါဘုရား) ဖြစ်ပျက်တွေဟာလေ (မှန်ပါ့) ရကြရဲ့လား . . . (မရပါဘုရား)။

အဲဒါ အဲဒါမှ ဩော် ဒုက္ခ၊ ဒုက္ခတွေ သစ္စာကလဲ မှန်လိုက်တာ ဘယ်သူပျောက်စေဆိုလို့မှ မရပါလားဆိုတော့ ဒီဒုက္ခက ရှေ့မျှော်ကြည့်တဲ့ ဒုက္ခဆိုတော့ ချုပ်မှာပေါ့ကွ (မှန်ပါ့)။

## တစ်စက္ကန့်သိရင် တော်ပါပြီ

ဒီပြင်သိစရာအထူးရှိသေးရဲ့လား (မရှိပါဘုရား) အထူးကုန်နေပြီ ဒကာဒကာမတို့ အသိကမ်းကုန်နေပြီ အဲဒီလို ကုန်တဲ့ဒုက္ခသိရတဲ့အတွက် သူက ဒီဒုက္ခခဏလေး၊ တစ်စက္ကန့်လေးသိလိုက်လို့ရှိရင် ဖျပ်ဆို ဒီဒုက္ခတွေချုပ်ပြီး နိရောဓ ချက်ချင်းပေါ်တယ် (မှန်ပါ့)။

တစ်စက္ကန့်သိရင် တော်ပါပြီ ရှင်းပလား . . . (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/



ဩော် ဒကာဒကာမတို့ အင်မတန် ဒီဉစ္စာ သဘော ပါပြီးသကာလ အလုပ်မှာ ခရီးပေါက်လမ်းမို့ ဒီဉစ္စာ ထပ်ခါ တလဲလဲ ပြောတာ (မှန်ပါ့)။

ကဲ . . . ဦးသန်းတူးကလဲ ကျေနပ်ပလား . . . (ကျေနပ်ပါပြီ)၊ ကဲ ဒါဖြင့် ဒီဒုက္ခချုပ်လို့ရှိရင် ဒီဒုက္ခရဲ့ အကျိုး ပေး သောကပရိဒေဝဒုက္ခ၊ ဒေါမနဿ ဥပါယာသတွေ လာပါ့မလား (မလာပါဘုရား)။

ဒီဒုက္ခကိုပဲ ကျုပ်တို့က ပိုင်ပိုင်နိုင်နိုင်မသိသေးတော့ ဒီသောက ပရိဒေဝတွေအကြောင်း တိုက်ဆိုင်တော့ ပြေးလာ တယ်၊ မလာဘူးလား (လာပါတယ်) အဲဒီဒုက္ခအကျိုးပေးလဲ သိကြပါပြီ . . . (သိပါပြီ)။

ဒုက္ခသိပြီ ဒုက္ခအကျိုးပေးသိတော့ ဒီလိုဒုက္ခသိတဲ့ ပုဂ္ဂိုလ် မလာပါ။ သောကပရိဒေဝဒုက္ခ ဒေါမနဿလာတာက ဒီဒုက္ခရှိတဲ့ပုဂ္ဂိုလ်မှ ဒါလာတာ၊ သဘောကျပလား (ကျပါပြီ)။

ဒီဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ ပုဂ္ဂိုလ်က နိရောဓကို မျက်မှောက်ပြုနိုင်တဲ့အတွက် ဒါတွေလာသေးရဲ့လား . . . (မလာပါ) အေး ဒါကြောင့် သောတာပန်မှာ ကျန်သလောက် ကျန်ငြားသော်လည်းတဲ့ ရဟန္တာကျတော့ အကုန်မကျန် တော့ဘူး ကျန်သေးရဲ့လား (မကျန်ပါဘူး)။

အဲဒါဖြင့် ဒကာဒကာမတို့ ဘယ်နှစ်ချက်ရှိပြီလဲ (၄

http://www.thitsarparamisociety.com/



-ချက်ရှိပါပြီ) တစ်နံပါတ်က ဒုက္ခသိ၊ နှစ်နံပါတ်က ဒုက္ခဖြစ်ကြောင်း၊ သုံးနံပါတ်က ဒုက္ခတို့၏ ထူးခြားပုံ၊ လေးနံပါတ်က ဒုက္ခတို့၏ အကျိုးပေး၊ သဘောကျပလား (ကျပါပြီ)၊ ၄ နံပါတ်က ဘာသိရမလဲ (ဒုက္ခ၏အကျိုးပေး) ဒုက္ခ၏အကျိုးပေး သိတော့ ဒုက္ခဖြစ်ရင် သောကပရိဒေဝ ဒုက္ခ ဒေါမနဿ လာမှာပဲ (မှန်ပါ့)။

## ၅။ ဒုက္ခချုပ်ရာသိရမယ်

ကောင်းပြီး ဒကာဒကာမတို့ ငါးနံပါတ်ကိုပြောတော့မယ် ဆိုတော့ ဒုက္ခချုပ်ရာသိရမယ် ဒကာဒကာမတို့ ဘာသိရမယ် (ဒုက္ခချုပ်ရာ သိရပါမယ်) အင်း ဒါက မောင်နိုင်တို့ ကိုမြင့်တို့က မှတ်လိုက် ဒုက္ခချုပ်ရာဟာ နိဗ္ဗာန်ပေါ့၊ သဘောကျပလား (ကျပါပြီ) ဒုက္ခချုပ်ရာဟာ (နိဗ္ဗာန်ပါ) ရှင်းပြီနော် ရှင်းပါပြီ။

ကောင်းပြီး ဒကာဒကာမတို့ ဒုက္ခချုပ်ရာဟာ ဘာပါလိမ့် (နိဗ္ဗာန်ပါ) အမှန်အကန်အတိုင်း သိရမယ်ဆိုတော့ မင်းတို့က မှတ်ထားလိုက် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံးလို့ နောက်မတွေးနဲ့တော့ ဘယ်လိုများစိတ်ထားရမလဲ ဒုက္ခချုပ်ရာဟာ နိဗ္ဗာန်ဆိုတာ ဧကန်ဆုံးဖြတ်ချက်ချလိုက် ပြီးသွားတာပဲ။ သဘောကျပလား . . . (ကျပါပြီ)။

http://www.thitsarparamisociety.com/



## ၆။ ဒုက္ခချုပ်ရာအကျင့် ထိုးထွင်းသိရမယ်

ဒါဖြင့် ငါးနံပါတ်ဟာ နားလည်ပြီဘုရားတဲ့ ဒုက္ခချုပ်ရာအကျင့်ကိုလဲ ထိုးထွင်းသိရမယ်ဆိုတော့ မဂ္ဂင်ရှစ်ပါးလို့ သိထားလိုက် (မှန်ပ့ါ) သဘောကျပလား . . . (ကျပ့ါပြီ)။

ဒုက္ခချုပ်ရာအကျင့်က ဘာတဲ့လဲ (မဂ္ဂင်ရှစ်ပါးပါဘုရား) နောက်က ဒကာဒကာမတွေ . . . (မဂ္ဂင်ရှစ်ပါးပါ) မဂ္ဂင်ရှစ်ပါးက ဒကာဒကာမတို့ ဘယ်သူနဲ့တွေ့မှ ပေါ်သတုံးလို့ မေးဖို့မလိုဘူးလား (လိုပါတယ်)။

**မဂ္ဂင်ရှစ်ပါး**

အင်း-မဂ္ဂင်ရှစ်ပါးသည် ဘယ်သူနဲ့တွေ့မှ ပေါ်သတုံးဆိုတော့ မဂ္ဂင်ရှစ်ပါးဟာ ဒကာဒကာမတွေ မှတ်လိုက်တာပေ့ါ၊ ဒုက္ခပိုင်းခြားနိုင်တဲ့အခါ ရှစ်ပါးပါတယ်၊ ဒုက္ခချုပ်တဲ့နိဗ္ဗာန်မြင်ရင် ရှစ်ပါးပါတယ် . . . သဘောပါပလား (ပါပါတယ်) ဒုက္ခအဆုံးရောက်နိုင်ရင် ရှစ်ပါးပါပါတယ်။ ဒုက္ခသစ္စာပိုင်းခြားနိုင်ရင် မဂ္ဂသစ္စာပဲဖြစ်တယ်။

ဒါဖြင့် ဒကာဒကာမတို့ ဒီလိုလုပ်ကြပါစို့တဲ့ အခုခင်ဗျားတို့ ဒုက္ခချုပ်ရာကိုရအောင် ခင်ဗျားတို့ ဘယ်လိုလုပ်ကြမတုံးဆို တော့ မဂ္ဂင်နဲ့ ခင်ဗျားတို့၏ ခန္ဓာကိုယ်ပွားများရမယ်၊ ဆိုတာကဖြင့် မမှားပါဘူး (မှန်ပ့ါ) သဘောကျပလား (ကျပါပြီ)။

http://www.thitsarparamisociety.com/



ခင်ဗျားတို့ ခန္ဓာကိုယ် ဘာလုပ်ရမတုံး (မဂ္ဂင်ပွားများရမယ်) ပွားများလို့ရှိရင်ဖြင့် ဘာချုပ်မယ်ထင်သတုံး . . . (ဒုက္ခချုပ်ပါတယ်) သြော် ဒါဖြင့် ပွားများတဲ့ပုဂ္ဂိုလ်ဖြင့် ဒုက္ခချုပ်မှာပဲ ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်ကတော့ . . (မချုပ်ပါဘူး)။

ပွားများတဲ့ပုဂ္ဂိုလ် (ချုပ်ပါမယ်) ဆုတောင်းတဲ့ပုဂ္ဂိုလ် . . . (မချုပ်ပါဘူး) ဒုက္ခမချုပ်နိုင်ဘူးဆိုတာဖြင့် ကောင်းကောင်းကျေနပ်ပလား . . . (ကျေနပ်ပါပြီ) ဒါဖြင့် ဒကာဒကာမတို့ ထိုးထွင်းသိရမယ့်အချက် ဘယ်နှစ်ချက်ပါလိမ့် (ခြောက်ချက်ပါဘုရား)။

## ထိုးထွင်းသိရမည့်အချက်ခြောက်ချက်

တစ်နံပါတ်က ဘာတဲ့ (ဒုက္ခသိမှု) ဒုက္ခသိမှု။

နှစ်နံပါတ်က ဒုက္ခဖြစ်ကြောင်းသိမှု။

သုံးနံပါတ်က ဒုက္ခတွေ၏ထူးခြားပုံအကြောင်းသိမှု

လေးနံပါတ်က ဒုက္ခအကျိုးပေးသိမှု။

ငါးနံပါတ်က ဒုက္ခချုပ်ရာသိမှု

ခြောက်နံပါတ်က ဒုက္ခချုပ်ရာ ချုပ်ကြောင်းအကျင့်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးသိမှု။

ချုပ်ရာ ချုပ်ကြောင်းအကျင့်သိမှု သဘောပါပလား . . . (ပါ,ပါပြီ)။

http://www.thitsarparamisociety.com/



အဲဒီလိုထိုးထွင်းသိလို့ရှိရင်ကွာတဲ့ မင်းတို့သည်ကား ဆိုလို့ရှိရင် နိဗ္ဗာန်မရမရှိဘူး ဆိုတာကို ဆက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ သေသေချာချာ ဟောတယ်၊ ဆက္ကဆိုတာ ခြောက်ခု ထားတာ ဟောတာကိုး။

ကိုင်း-ဒါဖြင့် ဒကာဒကာမတို့ အရေးကြီးတဲ့ အချက်တွေဖြင့် ပေါ်ပါပြီနော် ကိုင်း-ဒါဖြင့် ဒုက္ခချုပ်ရာက နိဗ္ဗာန်၊ ဒုက္ခချုပ်ရာကို ရောက်ကြောင်းအကျင့်က မဂ္ဂင်ရှစ်ပါး၊ ဒါဖြင့် ဒကာဒကာမတို့ မဂ္ဂင်ရှစ်ပါးနဲ့ ဒုက္ခချုပ်ရာကိုရအောင် ဒုက္ခကို ပိုင်းပိုင်းခြားခြားသိရင် ဒုက္ခချုပ်မှာပဲ။

ဒုက္ခကို ပိုင်းပိုင်းခြားခြားသိရင် . . .(ဒုက္ခချုပ်မှာပါဘုရား) နောက်က ဒကာဒကာမတို့ . . . (ဒုက္ခကို ပိုင်းပိုင်းခြားခြားသိရင် ဒုက္ခချုပ်မှာ)။

## ဉာဏ်သမားမှသိတဲ့ဒုက္ခ

ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ဒီဒုက္ခဟာ ဘာဒုက္ခတုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ပါကဋ ဒုက္ခလား၊ အပါကဋ ဒုက္ခလားလို့ စာလိုသုံးတော့ ထင်ရှားတဲ့ဒုက္ခလား၊ ဉာဏ်သမားမှသိတဲ့ ဒုက္ခလားလို့ မေးလို့ရှိရင် ဉာဏ်သမားမှသိတဲ့ဒုက္ခကို ကျုပ်တို့လိုက်ရမယ် ရှင်းပလား . . . (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/


ဘာသမား လိုက်ရမလဲ . . . (ဉာဏ်သမား လိုက်ရမယ်) ထင်ရှားတဲ့ဒုက္ခကို လူတိုင်းသိပါတယ်၊ ဉာဏ်သမားမှ သိတဲ့ဒုက္ခကို ကျုပ်တို့ အရေးတကြီး မလုပ်ရပေဘူးလား (လုပ်ရပါမယ်) ဘာလုပ်ရမယ် . . . (ဉာဏ်သမားဒုက္ခလုပ်ရမယ်)။

ကဲဒါဖြင့် သွားကြပါစို့တဲ့ ဒကာဒကာမတို့ ဒါ မဂ္ဂင်ရှစ်ပါး ဒါဒုက္ခချုပ်ကြောင်း အကျင့်မှန်ပဲ၊ ချုပ်ရာချုပ်ကြောင်း အကျင့်သည်ကားလို့ ဆိုရင် ဒုက္ခသိတဲ့ပုဂ္ဂိုလ်မှာ ဒကာဒကာမတို့ ဒုက္ခသိတဲ့ ပုဂ္ဂိုလ်မှ ဒုက္ခချုပ်ရာချုပ်ကြောင်း ဖြစ်တဲ့အကျင့်ကို မောင်နိုင်ကျင့်နိုင်မှာ။

ဒုက္ခမှမသိတဲ့ ပုဂ္ဂိုလ်မှာ ဘာအကျင့်လို့ဆိုလို့ရပ့်မလား (မရပါဘူး) သဘောကျပလား . . . (ကျပါပြီ) ဒါဖြင့် ခန္ဓာ ငါးပါး ထုံးစံအတိုင်းလုပ်၊ ကိုင်း ဒါဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒကာဒကာမတို့ ခြောက်ခုဟောခဲ့တဲ့ အနက်မရှိဘူးလား . . . (ရှိပါတယ်)။

တစ်နဲ့ခြောက်နဲ့ သွားတွဲ ရိပ်မိကြပလား (ရိပ်မိပါပြီ) တစ်နဲ့ဘာနဲ့ သွားတွဲရမယ် . . . (ခြောက်နဲ့တွဲရမှာပါဘုရား) တစ်က ဒုက္ခသိမှုကိုး၊ တစ်ကတော့ ဒုက္ခအမျိုးမျိုးကို ပြတယ်၊ တစ်ကဘာပြသလဲ . . . (ဒုက္ခအမျိုးမျိုးကို ပြတယ်)။

## တစ်ကိုမဂ္ဂင်ရှစ်ပါးနှင့်ရှုပါ

တစ်က ဒုက္ခသိမှုဆိုသောကြောင့် တစ်က ဒုက္ခ အမျိုးမျိုးကို မပြဘူးလား (ပြပါတယ်) အဲဒီတင် ခန္ဓာငါးပါး သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာဆိုတာ ပါမလာဘူးလား . . . (ပါလာပါတယ်) အဲဒီတော့ ခင်ဗျားတို့ ဘယ်နေရာမှ ဒုက္ခကိုမရှာနဲ့ ခန္ဓာထဲကိုရှာ (မှန်ပါ့)။

တစ်ကို ရှစ်နဲ့ရှာ (မှန်ပါ့) တစ်ကို ရှစ်နဲ့ရှာ သဘော ပါပလား (ပါပါတယ်) တစ်ကို . . . (ရှစ်နဲ့ရှာ) တစ်ကို ရှစ်နဲ့ ရှာဆိုတော့ ဘယ်အချိန်ရှာရမှာတုံး ကျန်းမာတုန်းရှာ၊ သတိ ပေးလိုက်တယ်နော်၊ ဘယ်အချိန် ရှာရမှာလဲ . . . (ကျန်းမာ တုန်းရှာပါ)။

## ဘယ်အချိန်ရှာရမှာလဲ

ကျန်းမာတုန်းရှာ၊ မကျန်းမာတဲ့ဒုက္ခ လူတိုင်းသိတယ်၊ အဲဒါဒုက္ခမဟုတ်ဘူး၊ သဘောကျပလား (ကျပါပြီ) မကျန်းမာ တဲ့ ဒုက္ခဟာ ဒုက္ခစစ်လား၊ လူတိုင်းသိတဲ့ဒုက္ခလား (လူတိုင်း သိတဲ့ဒုက္ခ) ဒါဖြင့် လူတိုင်းသိတဲ့ဒုက္ခ၊ နိဗ္ဗာန်ရောက်မယ် ဆိုရင်ဖြင့် ခွေးတောင် နိဗ္ဗာန်ရောက်မယ်၊ မရောက်ပေဘူး

http://www.thitsarparamisociety.com/



လား (ရောက်ပါတယ်) ဒွိဟိတ်တွေကော (ရောက်မှာပါ) ရောက်မှာပဲတဲ့။

တိဟိတ်မှ နိဗ္ဗာန်ရောက်မယ်ဆိုတာလဲ အထင်အရှားမို့လား၊ အဲဒါကြောင့် ဒကာဒကာမတွေ တရားနာနေကြတာ ဘယ်သူတွေတုံးမေးရင် ဘယ့်နှယ်ဖြေမလဲ၊ . . . (ခန္ဓာငါးပါး ဒုက္ခသစ္စာပါဘုရား) နှုတ်လေးနေစရာ လိုသေးသလား (မလိုပါဘူး) တရားနာနေတာ ဘယ်သူတွေတုံး . . . (ခန္ဓာငါးပါးဒုက္ခသစ္စာတွေပါဘုရား)။

## ဒုက္ခအစစ်သည် ကိုယ့်ခန္ဓာငါးပါး

ဒါဘယ်ပါဠိတော်က လာသတုံးဆိုတော့ . . . သခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ သဘောကျပလား (ကျပါပြီ) သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာပိဒုက္ခာ ငါရှင်းရှင်းပြောပါမယ်ကွာတဲ့ ဒုက္ခအစစ်ပြောရလို့ရှိရင် မင်းတို့ခန္ဓာငါးပါးပါပဲ၊ သဘောကျပလား . . . (ကျပါပြီ) ဘာတဲ့ (ဒုက္ခအစစ်ဟာ ခန္ဓာငါးပါးပါ) ဘယ်သူ့ခန္ဓာငါးပါးလဲ (ကိုယ့်ခန္ဓာငါးပါးပါ)။

အဲ ကိုယ့်ခန္ဓာငါးပါးဟာ ဒုက္ခတွေပဲ အဲဒီဒုက္ခကိုချုပ်ရာချုပ်ကြောင်း ကျင့်လို့ရှိရင်ဖြင့် ခြောက်နံပါတ်နဲ့ တစ်ခန္ဓာငါးပါးကို ကြည့်ပါ။

http://www.thitsarparamisociety.com/



## တစ်ကိုခြောက်နဲ့ကြည့်ပါ

တစ်ခန္ဓာငါးပါးကို ခြောက်နံပါတ်ဖြစ်တဲ့ ချုပ်ရာချုပ်ကြောင်းအကျင့်နဲ့ ကျင့်ပါ။ သဘောကျပလား (ကျပါပြီ) တစ်ကိုခြောက်နဲ့ကြည့်၊ ဘယ်လိုလုပ်မှတ်ကြမယ်၊ (တစ်ကိုခြောက်နဲ့ကြည့်ရမယ်)။

တစ်ကို ခြောက်နဲ့ကြည့်တဲ့အခါကျတော့ ခင်ဗျားတို့ကို ခုနကပြောပြီးပါပြီ ဝေဒနာလေးတစ်လုံး ကြည့်ကြည့်၊ စိတ်ကလေးတစ်လုံးကြည့်ကြည့် သညာကြည့်ကြည့် ရုပ်ကြည့်ကြည့်၊ မောင်နိုင်ကြည့်ချင်ရာကြည့် သဘောကျပလား (ကျပါပြီ)။

ကြည့်ချင်တာကြည့်ပါ၊ ကြည့်ချင်တာကြည့်တော့၊ တစ်ခုကြည့်တော့ နာမ်တစ်ခုကြည့်ရင် နာမ်က သုံးခုပါတယ် နာမက္ခန္ဓာလေးပါး မနေဘူးလား . . . (နေပါတယ်) တစ်ခုသော နာမ်ကြည့်ရင် ကျန်တဲ့ဥစ္စာ ခွဲရသလား (မရပါဘုရား) ဖြစ်တူ ပျက်တူမနေဘူးလား . . . (နေပါတယ်)။

အဲတော့ ဒီဟာတွေ တစ်ခုကြည့်ရင် အကုန်ပါသွားတယ်၊ ဝေဒနာကြည့်ရင် ကျန်သုံးပါးတွေ (ပါ,ပါတယ်) သညာကြည့် ရင် ကျန်သုံးပါး . . . (ပါတယ်) စိတ်ကြည့်ရင် (ကျန်သုံးပါး ပါတယ်) အဲဒါ တစ်ခုခုသာကြည့်တော့ ဒကာ

http://www.thitsarparamisociety.com/


ဒကာမတို့ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) ရှင်းပြီနော် . . . (ရှင်းပါတယ်)။

ကြည့်ပါတဲ့ အဲတော့ ရှုစ်နံပါတ်နဲ့သာကြည့်ပေး၊ ရှုစ်နံပါတ် ဆရာပေးထားတဲ့ဉာဏ်နဲ့ အင်း . . . ဒါလေးသည် ဖြစ်တာနဲ့ ပျက်တာသာ ကြည့်ပေး၊ ဖြစ်တာနဲ့ ပျက်တာသာ ကြည့်နေတော့ ဒကာဒကာမတို့ ခုနကပြောခဲ့တဲ့အတိုင်းပဲတဲ့ ဆေးကုခံသေးလား . . . (မခံပါဘုရား) အသေစောသွားတယ်၊ အသေစောနေတယ်၊ အဲဒါကြောင့် ဆေးကုမခံဘူးလို့ ပြောလိုက်တာ ကျေနပ်ပလား (ကျေနပ်ပါပြီ)။

ဘယ်လိုပဲကြည့်ကြည့် ဒီဖြစ်ပျက်ကို ဘုရားလဲ မတတ်နိုင် အဝိရေယျတော ဘုရားကဟောလိုက်တယ်၊

"လူနတ်ပြဟ္မာမဆိုပါနဲ့ ဂင်္ဂါ ဂင်္ဂါပွင့်ကုန်ကြသော ဗုဒ္ဓပရမေ၊ မြတ်စိန္တေတို့ သခ်ျာတန်ခိုး၊ ဘုန်းရောင်ညှိုး၍၊ စိုးမိုးအာဏာ၊ စီမံရာသို့၊ ဘယ်ခါမနိုင်၊ ခွင့်မပိုင်ဘူး"။

## ဖြစ်ပျက်မြင်နေဖို့ အရေးကြီးတယ်

ဘယ်တော့မှ သူတို့ကို ရပ်အောင်မတတ်နိုင်ဘူး၊ ဘုရားကိုယ်တိုင်မတတ်နိုင်ဘူးကွတဲ့ အဝိရေယျတောလို့ ဘုရားကဟောတာ သဘောကျပလား . . . (ကျပါပြီ) ဒါဖြင့် ဘယ်သူကုလို့မှ မပျောက်တဲ့ဒုက္ခကို ဖြစ်ပျက်ကိုမြင်နေဖို့ပဲ အရေးကြီးတယ်။

အပျက်ချည်းမြင်မြင်၊ အဖြစ်ချည်းမြင်မြင်၊ မြင်ချင်တာမြင် ဒုက္ခမြင်တာပဲ၊ သဘောကျပလား . . . (ကျပါပြီ)။

တစ်ခုကောင်း ဝေဒနာကြည့်လိုက်ရင်လဲ ဩဇာ်ဆေးကုချိန်မရတဲ့ဒုက္ခ၊ ဘယ်သူကုကု မပျောက်တဲ့ဒုက္ခ၊ ဒါဖြင့် ဒုက္ခအစစ်ကိုး။

ဒီပြင်ဟာကတော့ အနာပေါက်တယ်၊ တည့်တဲ့ဆေးလိမ်းလိုက်တယ်၊ သက်သာပြီးသွားတယ်၊ ထမင်းဆာတယ် ထမင်းကျွေးလိုက်ရင် ပျောက်တယ်၊ ဆာနာပျောက်တယ် ကျွေးတဲ့အစာထည့်လိုက်ရင် ပျောက်တယ်။

ကျင်ကြီးစွန့်ချင်တယ် ဝမ်းထဲမှာနာတယ်၊ ကျင်ကြီးစွန့်လိုက်ရင် ပျောက်တယ်၊ ကျင်ငယ်စွန့်ချင်တယ်၊ ကျင်ချောင်းမှာ နာတယ်၊ စွန့်လိုက်ရင် ပျောက်တယ်၊ ဒါဒီ့ပြင်ဟာ ဆေးကုရင်ရတယ်၊ မရဘူးလားဗျာ . . . (ရပါတယ်)။

## ဆေးကုလို့မရတဲ့ဒုက္ခဉာဏ်ရှိသလောက်ကြည့်

ဒါကုကြည့်ပါ.(မရပါဘူး) ဝေဒနာလေးတွေ ဖြစ်ပျက်ကုကြည့်ပါ . . . (မရပါဘူး) ကုချိန်ကော မရှိပါဘူး၊ အဲဒီဒုက္ခကို မင်းတို့သည်ကားလို့ဆိုရင်ဖြင့် ဒီအတိုင်းပါကွာတဲ့။

ဆေးကုလို့မရတဲ့ဒုက္ခ၊ ဆေးကုမခံတဲ့ဒုက္ခ၊ အဲဒါ

http://www.thitsarparamisociety.com/

မင်းတို့ဉာဏ်ရှိသလောက်နဲ့ကြည့်တဲ့ နိဗ္ဗာန်ကသုတ်မှာ ပါတယ်။

အဲဒီဒုက္ခကို မြင်လို့ရှိရင်ဖြင့်၊ ဩော် ဒုက္ခဆိုတာ ဆေးကုမခံတဲ့ ဒုက္ခ၊ ဆေးကုလို့မရတဲ့ဒုက္ခ၊ ဒါဒုက္ခအစစ်ပဲကိုး ဆိုတော့၊ ကိုယ့်ခန္ဓာကိုယ်ကိုဖြင့် လိုချင်ပါတယ်၊ ရချင်ပါတယ် ဆိုတဲ့ တဏှာဟာ၊ ဒီအထဲမှာ နည်းနည်းမှ အငွေ့သန်းနိုင် သေးရဲ့လား. . . (မသန်းနိုင်ပါ) မသန်းနိုင်တဲ့အချိန်ကျတော့ ဖျပ်ဆိုချုပ်သွားတယ်၊ နာမက္ခန္ဓာလေးပါးစလုံးချုပ်တယ်။

နာမက္ခန္ဓာလေးပါးစလုံးချုပ်တော့၊ နာမက္ခန္ဓာကို မှီနေတဲ့ ရုပ်ကလဲ ချုပ်တယ်၊ နာမ်ရှိမှရုပ်ကမပုပ်မသိုးတာကိုး (မှန်ပါ့) မပုပ်မသိုးတာ နာမ်စောင့်နေလို့နော် . . . (မှန်ပါ့)။

နာမ်စောင့်မနေရင် ရုပ်ဘာဖြစ်မလဲ . . . (ပုပ်သိုးမှာ ပါ) ပုပ်သိုးသွားတဲ့အခါ နာမ်စိတ်နဲ့ သူတွဲလိုက်တယ် (မှန်ပါ့)။

## နာမရူပ ပစ္စယာဝိညာဏံ

ဒါဖြင့် ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာ. . (သဠာယတနံ) ဟင့်အင်၊ ဒီလိုမဆိုပါနဲ့ . . . **ဝိညာဏံ** . . . သဘောကျပလား (ကျပါပြီ)။

http://www.thitsarparamisociety.com/



ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပပစ္စယာဝိညာဏံ၊
ဝိညာဏနိရောဓာ နာမရူပနိရောဓော၊
နာမရူပ နိရောဓာ ဝိညာဏနိရောဓေါ၊

ဟောတစ်ခုချုပ်ရင် အကုန်ချုပ်တယ်လို့ ရှင်သာရိပုတ္တရာ၊ အသေအချာဟောတယ်၊ ဘုရားကလဲ ဟောတယ်။

တစ်ခုသော နာမ်ချုပ်ရင် ရုပ်ပါချုပ်တယ်နော်-ရုပ်လဲရင် နာမ်လဲပါတယ်၊ ရုပ်နာမ်ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)။

## ရုပ်နာမ်ချုပ်တာနိဗ္ဗာန်

ရုပ်နာမ်ချုပ်တာ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်)၊ နိဗ္ဗာန်ဆိုတာ ဒီနေရာပေါ်တယ်၊ ရုပ်နာမ်ချုပ်တဲ့နေရာ နိဗ္ဗာန်ပေါ်လာပြီ၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် နိဗ္ဗာန်က နိရောဓသစ္စာ၊ ဒါက မဂ္ဂသစ္စာ၊ ဟုတ်လား၊ ကျေနပ်ပလား. . . (ကျေနပ်ပါပြီ) ဒီလိုသွားပါ၊ နိဗ္ဗာနဂါမိနီကသုတ်က အလုပ်သေသေချာချာပါတဲ့သုတ် . . . (ပါ, ပါတယ်) ရှင်းကြပလား (ရှင်းပါတယ်)။

ယနေ့ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု. . . ။